နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
ပြောကြားခဲ့သည့် မိန့်ခွန်းများ

(၂၀၂၁ ခုနှစ်၊ ဇွန်လ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
ပြောကြားခဲ့သည့် မိန့်ခွန်းများ

(၂၀၂၁ ခုနှစ်၊ ဇွန်လ)

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

ပုံနှိပ်မှတ်တမ်း

ပြန်ကြားရေးဝန်ကြီးဌာန
စာအုပ်အမှတ်စဉ် (၅၀/၂၀၂၁)

ထုတ်ဝေသည့်ခုနှစ်
၂၀၂၁ ခုနှစ်၊ ဇူလိုင်လ

ထုတ်ဝေသည့်အကြိမ်
ပထမအကြိမ်

အုပ်ရေ
၅၀၀၀ အုပ်

ပုံနှိပ်
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

Online တွင်ဖတ်ရှုရန် Scan ဖတ်ပါ။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
ပြောကြားခဲ့သည့် မိန့်ခွန်းများ

မာတိကာ

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ် ၅
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ် ၆

မိန့်ခွန်းများ

၁။ သံလွင်တံတား (ချောင်းဆုံ) ဆိုင်းဘုတ်ဖွင့်လှစ်ခြင်းအခမ်းအနားတွင် ပြောကြားသည့် အမှာစကား ၇

၂။ မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံပြောကြားသည့် အမှာစကား ၁၁

၃။ မော်လမြိုင်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံပြောကြားသည့် အမှာစကား ၁၅

၄။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး (၈/၂၀၂၁)တွင် ပြောကြားသည့် အမှာစကား ၁၇

၅။ ကမ္ဘာ့ပတ်ဝန်းကျင်ထိမ်းသိမ်းရေးနေ့အခမ်းအနားတွင် ပြောကြားသည့် အမှာစကား ၂၀

၆။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၁၂/၂၀၂၁)တွင် ပြောကြားသည့် အမှာစကား ၂၅

၇။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး (၉/၂၀၂၁)တွင် ပြောကြားသည့် အမှာစကား ၂၉

၈။ (၉)ကြိမ်မြောက် မော်စကိုနိုင်ငံတကာလုံခြုံရေးညီလာခံ (9th Moscow Conference on International Security) ၌ "The Asia–Pacific Region in the Context of Global Politics" ခေါင်းစဉ်ဖြင့် ဆွေးနွေးမှု (ကောက်နုတ်ချက်) ၃၄

■ ■ ■

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
ဦးတည်ချက် (၉) ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက် လိုက်နာ ကျင့်သုံးရေး၊

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ် များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှု များကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ လူမှုရေး

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစား လိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

သံလွင်တံတား(ချောင်းဆုံ) ဆိုင်းဘုတ်ဖွင့်လှစ်ခြင်းအခမ်းအနားတွင် ပြောကြားသည့် အမှာစကား

(၁ – ၆ – ၂၀၂၁)

သံလွင်တံတား(ချောင်းဆုံ)ဆိုင်းဘုတ်ဖွင့်လှစ်ခြင်းအခမ်းအနားကို ဇွန်လ ၁ ရက် နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်နှင့် ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာဗညားအောင်မိုး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာညွန့်ဖေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးရွှေလေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ကြိုဆိုနှုတ်ဆက်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား ဒေသခံ တိုင်းရင်းသားပြည်သူများက ရိုးရာအကအလှများဖြင့် ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် အခမ်းအနားကို စတင်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်

ကာကွယ်ရေးဦးစီးချုပ်က အမှာစကား ပြောကြားရာတွင် ယနေ့ပြုလုပ်သည့် တံတားအမည် ပြောင်းလဲသတ်မှတ်ခြင်း အခမ်းအနားသည် မိမိတို့နိုင်ငံတွင် လိုအပ်နေသည့် ငြိမ်းချမ်းရေး၏အခြေခံ စည်းလုံးညီညွတ်ခြင်းသဘော တရား၊ ဒီမိုကရေစီစနစ်၏အခြေခံ ဒေသခံပြည်သူလူထု ဆန္ဒသဘောထားများကို လက်တွေ့ဖော်ဆောင်ပေးသည့် အခမ်းအနားတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် ယခုတံတားကို ဒေသခံပြည်သူများ၏ စိတ်သဘောဆန္ဒနှင့်အညီ စည်းလုံးညီညွတ်ရေးကိုရှေးရှုပြီး မူလအမည် သံလွင်တံတား (ချောင်းဆုံ)အဖြစ် အမည်နာမ ပြန်လည် ပြောင်းလဲသတ်မှတ်ခြင်းဖြစ်ကြောင်း။

အမည်သတ်မှတ်ပြီး တည်ဆောက်ခဲ့ခြင်းဖြစ်

သံလွင်မြစ်ပေါ်တွင် တည်ဆောက်ထားသည့် မြစ်ကူး တံတားများအနက် ယခုမြင်တွေ့နေရသည့် သံလွင် တံတား(ချောင်းဆုံ)သည် စတင်တည်ဆောက်စဉ်ကတည်း ကပင် သံလွင်မြစ်ကူးတံတား(ချောင်းဆုံ)အဖြစ် အမည် သတ်မှတ်ပြီး တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ စတင် တည်ဆောက်စဉ်ကတည်းက ထိုကဲ့သို့ အမည်ပေးထား ခြင်းသည် ဒေသခံတိုင်းရင်းသားများ၏ သဘောထား ဆန္ဒအပါအဝင် ဒေသနှင့် ကိုက်ညီသင့်လျော်သည့် အမည် နာမဖြစ်သည့်အတွက် သတ်မှတ်ခေါ်ဝေါ်စေခဲ့ခြင်း ဖြစ်ပါ ကြောင်း။

ဒေသတစ်ခု စီးပွားရေးတိုးတက်ကောင်းမွန်စေရန် အတွက် လုံလောက်သည့် လျှပ်စစ်ဓာတ်အားရရှိမှု၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှု၊ ဆက်သွယ်ရေး စနစ် ကောင်းမွန်မှုနှင့် လူ့စွမ်းအားအရင်းအမြစ်များ မွေး ထုတ်ပေးနိုင်မှုတို့သည် အဓိကကျပါကြောင်း၊ ချောင်းဆုံ မြို့ အနေဖြင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားသော အချက်အလက်များ သင့်တင့်ပြည့်စုံမှုရှိနေသော်လည်း လမ်းပန်းဆက်သွယ်ရေးအရ ရေကြောင်းလမ်းကိုသာ အဓိကထားသုံးစွဲနေရသည့်အတွက် ဖွံ့ဖြိုးတိုးတက်မှု တွင် မျှော်မှန်းသလောက်မရရှိခဲ့သည်ကို တွေ့ရှိရပါ ကြောင်း၊ ထို့အပြင် အဓိကထား အသုံးပြုနေရသည့် သံလွင်မြစ်ကြောင်းသည်လည်း ရေစီးသန်သည့်မြစ် တစ်ခုဖြစ်သည့်အပြင် ပင်လယ်ရေပြင်နှင့် ထိစပ်နေ သည့်အတွက် ဒီရေအတက်အကျများကြောင့် ရေကြောင်း ဆက်သွယ် သွားလာမှုတွင်လည်း ဘေးအန္တရာယ်အခက် အခဲများစွာနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရပါကြောင်း၊ ယင်း အခက်အခဲများကို ကျော်လွှားပြီး ဒေသနှင့် မြို့နယ်ဖွံ့ဖြိုး တိုးတက်စေရေးအတွက် လိုအပ်လျက်ရှိသည့် ကွက်လပ် ကို ဖြည့်ဆည်းပေးနိုင်ရေး ဒီမိုကရေစီပထမအစိုးရ သစ်(၂၀၁၀-၂၀၁၅)ခုနှစ်တွင် တံတားတည်ဆောက်ရေး အတွက် စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ အဆင့်ဆင့် ဆောင်ရွက်မှုများအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၃၇၀၀ သန်းဖြင့် ချဉ်းကပ်လမ်းများ ဖောက်လုပ် ခြင်း၊ မြေသားရှင်းလင်းရေးလုပ်ငန်းများကို ဆောင်ရွက် ခဲ့ပါကြောင်း၊ ၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာနှစ်တွင် ငွေကျပ် သန်း ၂၀၀၀၀ ကိုအသုံးပြုပြီး တံတားတည်ဆောက်ရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရန်နှင့် ၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၃၁၃၆၀ သန်းသုံးစွဲပြီး တံတားအား တည်ဆောက်ပြီးစီး ဖွင့်လှစ်နိုင်သည်အထိ လျာထားဆောင်ရွက်ခဲ့ပါကြောင်း။

စုစုပေါင်းတံတားအရှည် ၁၅၈၆ မီတာ

ယခုတံတားကြီးကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၈ ရက် တွင် စတင်ဆောင်ရွက်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများပြီးစီး ပြီး တံတားကို စတင်ဖွင့်လှစ်ခဲ့သည့် ၂၀၁၇ ခုနှစ် မေ ၉ ရက်အထိ စီမံကိန်းကာလ နှစ်နှစ်နှင့် သုံးလကျော်အထိ

မိမိတို့သည်
မိမိတို့လေးစားကြည်ညိုရသူများ၏
ပုံရိပ်ဆိုခြင်းထက် ၎င်းတို့၏လမ်းစဉ်၊
၎င်းတို့၏စကားများကို
ပို၍အလေးထား လိုက်နာ
ဆောင်ရွက်ခြင်းသည်
၎င်းတို့၏ဂုဏ်ကို
မြှင့်တင်ရာရောက်မည်။

အချိန်ယူတည်ဆောက်ခဲ့ရပါကြောင်း၊ မော်လမြိုင်မြို့နှင့် ချောင်းဆုံမြို့ကိုဖြတ်သန်းဖောက်လုပ်ထားသည့် တံတားအရှည်အနေဖြင့် ချဉ်းကပ်လမ်း စုစုပေါင်းမီတာ ၁၀၅၀၊ ပင်မတံတားအရှည် ၅၃၆ မီတာရှိသည့်အတွက် စုစုပေါင်း တံတားအရှည် ၁၅၈၆ မီတာ ရှည်လျားပါကြောင်း။

တစ်ဆက်တည်းအနေဖြင့် ဒီမိုကရေစီပထမအစိုးရသစ်(၂၀၁၀-၂၀၁၅)ခုနှစ်လက်ထက်တွင် ချောင်းဆုံမြို့နယ်နှင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေး အလေးပေး ဆောင်ရွက်ခဲ့သည်ကိုလည်း ထည့်သွင်းပြောကြားလိုပါကြောင်း၊ ယခု အမည်ပြန်လည်ပြောင်းလဲသည့် တံတားတည်ဆောက်နိုင်ရေးသာမကဘဲ ချောင်းဆုံမြို့နယ်အတွက် လိုအပ်လျက်ရှိသည့် လျှပ်စစ်ဓာတ်အားရရှိစေရေးအတွက်ကိုလည်း ဟန်ချက်ညီဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ လျှပ်စစ်ဓာတ်အားရရှိနိုင်ရေး ၆၆ KVA မဟာလျှပ်စစ်ဓာတ်အားလိုင်းသွယ်တန်းနိုင်ရေးကို ဆောင်ရွက်ခဲ့ပြီး စီမံကိန်းတန်ဖိုးငွေကျပ်သန်း ၃၄၀၀ အထိ အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း။

လွှတ်တော်သို့တင်ပြ မဲခွဲအတည်ပြုခဲ့ရ

ယခုတံတားကြီး တံတားတည်ဆောက်ပြီးစီးချိန် ယခင်အစိုးရလက်ထက်တွင် ဖွင့်လှစ်ခဲ့ပြီး တံတားဖွင့်လှစ်စဉ်တွင် ၎င်းတို့ပါတီပုံရိပ်အတွက် မူလသတ်မှတ်ထားသည့် အမည်အစား ဗိုလ်ချုပ်အောင်ဆန်းတံတားအဖြစ် အမည်ပေးပြီး ဖွင့်လှစ်နိုင်ရေး ဦးတည်လုပ်ဆောင်လာခဲ့သည်ကို တွေ့ရှိခဲ့ရပါကြောင်း၊ ထိုသို့လုပ်ဆောင်လာမှုများအပေါ် ကန့်ကွက်မှုများ ပေါ်ပေါက်လာချိန်တွင် မြန်မာ့နိုင်ငံရေးသမိုင်းတွင် မရှိခဲ့သည့် တံတားအမည်ပေးအပ်ခြင်းကို လွှတ်တော်သို့တင်ပြ မဲခွဲအတည်ပြုခဲ့ရသည်အထိ မှတ်တမ်းဝင်ခဲ့ပါကြောင်း၊ ထိုသို့ လွှတ်တော်တွင် အဆိုတင်မဲခွဲစဉ်ကလည်း ဒေသနှင့် တိုင်းရင်းသားကိုယ်စားပြုပါတီကိုယ်စားလှယ်များ၊ ပါတီအသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များက ဒေသခံ ပြည်သူလူထု၏အသံကို ထင်ဟပ်စေသည့် မူလပေးအပ်ထားသည့် အမည်ကိုသာ ပေးအပ်ရန် ဆွေးနွေးဆောင်ရွက်ခဲ့ပါကြောင်း၊ သို့သော်လည်း အာဏာရပါတီအနေဖြင့် ကိုယ်စားလှယ်အင်အားသာလွန်မှုနှင့် ဒီမိုကရေစီစနစ်ကို လက်တစ်လုံးခြားပြုလုပ်ပြီး တံတားအမည်ပေးအပ်မှုကို ရှေ့တိုးဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရပါကြောင်း။

ထိုကဲ့သို့ တံတားအမည်ပေးအပ်ခဲ့မှုအပေါ် ပြည်သူလူထု၏ကန့်ကွက်ဆန္ဒပြမှုများ၊ ဆန့်ကျင်သည့်လှုပ်ရှားမှုများ ပေါ်ပေါက်ခဲ့ရပြီး ကန့်ကွက်လက်မှတ်ရေးထိုးကောက်ယူမှု ဆောင်ရွက်ခဲ့သည့်နေရာတွင်လည်း လက်မှတ်ပေါင်း တစ်သိန်းခွဲခန့်အထိ ရရှိခဲ့သည်ဟု သိရှိရပါကြောင်း၊ ထို့အပြင် တံတားအမည်ပေးအပ်မှုကြောင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို အထောက်အကူမပြုသည့်အပြင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ထိခိုက်စေနိုင်သည့်အတွက် ပြန်လည်သုံးသပ်ပေးနိုင်ရေး နိုင်ငံရေးပါတီ ၁၄ ခုက ကြေညာချက် ထုတ်ပြန်ခဲ့သည်ကိုလည်း မှတ်သားမိပါကြောင်း။

ဗိုလ်ချုပ်အောင်ဆန်းသည် မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးဖခင် အမျိုးသားခေါင်းဆောင်ဖြစ်သကဲ့သို့ တပ်မတော်၏ဖခင်လည်း ဖြစ်ပါကြောင်း၊ မိမိတို့သည် မိမိတို့လေးစားကြည်ညိုရသူများ၏ ပုံရိပ်ဆိုခြင်းထက် ၎င်းတို့၏လမ်းစဉ်၊ ၎င်းတို့၏စကားများကို ပို၍အလေးထား လိုက်နာဆောင်ရွက်ခြင်းသည် ၎င်းတို့၏ဂုဏ်ကို မြှင့်တင်ရာရောက်မည်ဖြစ်ပါကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းဆိုသည့်

ဒေသတွင်း
တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု
အရှိန်အဟုန်ဖြင့် ဖြစ်ပေါ်လာစေရေးအတွက်
"We Are Myanmar" "ငါတို့အားလုံး မြန်မာ"
ဆိုသည့် စိတ်ကိုထားရှိပြီး
နိုင်ငံအကျိုး၊ တိုင်းပြည်ကောင်းကျိုးအတွက်
နိုင်ရာတာဝန်များကို
ကြိုးပမ်းဆောင်ရွက်သွားကြစေလို။

အမည်သည် မြန်မာ့လွတ်လပ်ရေးသမိုင်းတွင် အထင်ကရ တည်တံ့နေမည့်အမည်ဖြစ်သကဲ့သို့ ယခုတံတားအမည် ပြောင်းလဲသတ်မှတ်မှုသည်လည်း ဗိုလ်ချုပ်အောင်ဆန်း လိုလားတောင့်တခဲ့သည့် တိုင်းရင်းသားများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရှိစေရေးကို ခိုင်ခိုင်မာမာ ဖြစ်စေမည် ဖြစ်ပါကြောင်း၊ ဒေသခံပြည်သူလူထုအနေဖြင့် မလိုလား သော်လည်း ယခင်အစိုးရသည် ၎င်းတို့ပါတီပုံရိပ်အတွက် ဗိုလ်ချုပ်အောင်ဆန်း တံတားအဖြစ် အမည်ပေးအပ်ခဲ့ သည့်အတွက် ယနေ့တွင် ဒေသခံပြည်သူလူထု၏ လိုအင် ဆန္ဒအတိုင်း တံတား၏ မူလအမည်ဖြစ်သည့် သံလွင် တံတား(ချောင်းဆုံ)အဖြစ် ပြန်လည်သတ်မှတ်ပေးခဲ့ခြင်း ဖြစ်ပါကြောင်း။

မွန်ပြည်နယ်သည် ခရိုင်နှစ်ခု၊ မြို့နယ်ပေါင်း ၁၀ မြို့နယ်ဖြင့် ဖွဲ့စည်းထားပြီး ယခုဘီလူးကျွန်းပေါ်တွင် တည်ထားသည့် ချောင်းဆုံတစ်မြို့နယ်တည်းသာလျှင် ကားလမ်းနှင့် တစ်ဆက်တစ်စပ်တည်း သွားလာ၍မရဘဲ ရေလမ်းခရီးကိုသာ အဓိကထားသွားလာရသည့်မြို့ ဖြစ်ပါ ကြောင်း၊ ကျေးရွာပေါင်း ၇၂ ရွာနှင့် ဖွဲ့စည်းတည်ဆောက် ထားသည့် ကျွန်းမြို့ကလေးတစ်မြို့သာဖြစ်သော်လည်း ကမ္ဘာမှာပါ ထင်ရှားကျော်ကြားခဲ့သည့် ကျေးရွာများဖြင့် ပါဝင်ဖွဲ့စည်းထားသည်ကို တွေ့ရှိရပါကြောင်း၊ ကမ္ဘာ ကျော်ခဲ့သည့် ဆေးတံထွက်ရှိရာဒေသ ဖြစ်သည့်အပြင် ကျောက်သင်ပုန်း၊ လက်မှုပညာရပ်များသာမက မြေဆီ မြေဩဇာထက်သန်ကောင်းမွန်မှုကြောင့် မြန်မာနိုင်ငံ တွင် အကောင်းဆုံးဆန်စပါးထွက်ရှိရာ မြို့နယ်များ အနက် တစ်မြို့နယ်အဖြစ် ပါဝင်လျက်ရှိသည်ကို မှတ်တမ်းတင်ဂုဏ်ပြု ပြောကြားလိုပါကြောင်း၊ မြေအနေ အထားကောင်းမွန်မှု၊ လမ်းပန်းဆက်သွယ်ရေး ကောင်း မွန်မှု၊ လျှပ်စစ်မီးရရှိနိုင်မှု၊ လူသားအရင်းအမြစ်ကောင်း မွန်မှုများကြောင့် ချောင်းဆုံဒေသတွင် စက်မှုလုပ်ငန်း ဆောင်ရွက်မည်ဆိုပါက ဒေသဖွံ့ဖြိုးတိုးတက်မှု၊ အလုပ် အကိုင်အခွင့်အလမ်းရရှိမှုတို့တွင် များစွာအကျိုးရှိနိုင် မည်ဟု ပြောလိုပါကြောင်း။

ဦးစားပေးအဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ယာယီ သမ္မတ၏ တာဝန်ပေးအပ်ချက်အရ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ၂၀၀၈ ခုနှစ်နှင့်အညီ နိုင်ငံတော်ကို အရေးပေါ် အခြေအနေအဖြစ် ကြေညာပြီး ဖေဖော်ဝါရီ ၁ ရက်မှ စတင်၍ နိုင်ငံတော်တာဝန်များကို ခေတ္တတာဝန်ယူ ဆောင်ရွက်လျက်ရှိပါကြောင်း၊ တာဝန်ထမ်းဆောင်နေ သည့် ကာလအတွင်း ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည် ချက်(၉)ရပ်ကို ချမှတ်ကာ နိုင်ငံတော်တည်ငြိမ်အေးချမ်း ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက် လျက်ရှိပါကြောင်း၊ ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် များနှင့် ဦးတည်ချက်များကို အောင်မြင်စွာ အကောင် အထည်ဖော်နိုင်ရေး ဆောင်ရွက်ရာတွင် နိုင်ငံသူနိုင်ငံသား များ၏ လိုအပ်ချက်များကို တတ်နိုင်သရွေ့ ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရေး ဦးစားပေးအဖြစ် သတ်မှတ် ဆောင်ရွက်လျက်ရှိသည်ကို ပြောကြားလိုပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တပ်မတော် အနေဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံ သည့် ပြည်ထောင်စုကို ခိုင်ခိုင်မာမာအာမခံထားပြီးဖြစ် ပါကြောင်း၊ ဒေသခံများ၏ လိုအင်ဆန္ဒနှင့်အညီ အမည် ပြန်လည်ပြောင်းလဲသတ်မှတ်ခဲ့သည့် သံလွင်တံတား (ချောင်းဆုံ)ကို အကျိုးရှိစွာအသုံးချပြီး ဒေသတွင်း စီးပွား ရေး၊ လူမှုရေး၊ ကျန်းမာရေးအစရှိသည့် နယ်ပယ်ပေါင်းစုံ တွင် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြစေလို ပါကြောင်း၊ ထို့အပြင် ဒေသတွင်း တည်ငြိမ်အေးချမ်းမှု နှင့် ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ဖြင့် ဖြစ်ပေါ်လာစေ ရေးအတွက် “We Are Myanmar” “ငါတို့အားလုံး မြန်မာ” ဆိုသည့် စိတ်ကိုထားရှိပြီး နိုင်ငံအကျိုး၊ တိုင်းပြည် ကောင်းကျိုးအတွက် နိုင်ရာတာဝန်များကို ကြိုးပမ်း ဆောင်ရွက်သွားကြစေလိုပါကြောင်း ပြောကြားသည်။

■ ■ ■

မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံပြောကြားသည့် အမှာစကား

(၁ - ၆ - ၂၀၂၁)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇွန်လ ၁ ရက် နံနက်ပိုင်းတွင် မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား မော်လမြိုင်မြို့ရှိ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး၌ သွားရောက်တွေ့ဆုံ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာဗညားအောင်မိုး၊ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာညွန့်ဖေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးရွှေလေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မွန်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အစည်းအဝေးခန်းမတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးဇော်လင်းထွန်းက ပြည်နယ်အတွင်း လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှု အခြေအနေများ၊ COVID -19 ရောဂါကာကွယ်ဆေး ထိုးနှံဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် အထွေထွေအချက်အလက်များကိုလည်းကောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက မော်လမြိုင်ဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည့် အစီအမံများနှင့် မော်လမြိုင်လေဆိပ်အဆင့်မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

မှာကြား

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိတို့နိုင်ငံ၏ စက္ကူလိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်ရန်အတွက် စစ်တောင်းစက္ကူစက်ရုံအား အသစ်ပြန်လည်တည်ဆောက်နိုင်ရေးအတွက်

**တပ်မတော်သည်
ပြည်သူကလိုလားသည့်
ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင်
ခိုင်ခိုင်မာမာရှိစေရေး
ဆောင်ရွက်လျက်ရှိ။**

ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ စက္ကူထုတ်လုပ်ရန်အတွက် လိုအပ်သည့်ကုန်ကြမ်းဖြစ်သည့် ဝါးနှင့် ယူကလစ်များအပြင် မန်ဂျန်ရှားစသည့် ကြီးမြန်သစ်ပင်ကိုလည်း စနစ်တကျဖြင့် စိုက်ပျိုးရန်လိုအပ်ကြောင်း၊ မော်လမြိုင်လေယာဉ်ကွင်းအား အဆင့်မြှင့်တင်မှုများပြုလုပ်ရာတွင် ရေရှည်အတွက် ထည့်သွင်းစဉ်းစားတည်ဆောက်ရန်လိုကြောင်း၊ မော်လမြိုင်ဆိပ်ကမ်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်ခြင်းဖြင့် ရေထွက်ပစ္စည်းများကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ရေတိုရေရှည်စီမံကိန်းများချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် ၁၉၉၇ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်ချက်ရာခိုင်နှုန်းတွင် မွန်ပြည်နယ်သည် ပြည်နယ်များတွင် အမြင့်ဆုံးဖြစ်သည်ကို အားရဖွယ်တွေ့ရှိရကြောင်း၊ ပညာရေး၌ ကြိုးစားအားထုတ်မှုကောင်းသည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် ရှိပြီးသားအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး ပိုမိုကောင်းမွန်အောင်ဆောင်ရွက်၍ အကျိုးရှိစွာ အသုံးချနိုင်ပါက ပြည်နယ်အတွက် များစွာအကျိုးရှိမည်ဖြစ်ကြောင်း၊ ကျောင်းသားများအားလုံး ပညာသင်ကြားရေးကိုသာ ဂရုစိုက်ဆောင်ရွက်ကြစေလိုပြီး မိဘများနှင့် တာဝန်ရှိသူများအနေဖြင့်လည်း ပညာရေးကို အားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ တက္ကသိုလ်ပညာရပ်များကို သင်ကြားခြင်းသည် မိမိတို့အထူးပြုသည့် ဘာသာရပ်အပေါ် ကျယ်ပြန့်စွာလေ့လာ သင်ကြားခြင်းပင်ဖြစ်ကြောင်း၊ တက္ကသိုလ်ပညာ ပြီးဆုံးသူတိုင်း ပညာရှင်မဖြစ်နိုင်သော်လည်း လေ့လာခဲ့သည့် ပညာရပ်၊ သင်ယူခဲ့သည့် ဘာသာရပ်များအလိုက် အသိပညာအတတ်ပညာများ ရရှိပြီး အဆိုပါပညာရပ်များကို အသုံးချ၍ မိမိတို့၏ဘဝတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်သဖြင့် တက္ကသိုလ်ပညာရေးကို အားပေးသင့်ကြောင်း။

ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသတွင်း ပညာတတ်များပေါ်များရန်လိုကြောင်း၊ အသိပညာ အတတ်ပညာများမရှိဘဲ အဆင့်မြင့်ထုတ်ကုန်များ၊ အဆင့်မြင့် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် မဖြစ်နိုင်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် အဓိကလိုအပ်သည့် ပညာရပ်များ တတ်မြောက်စေရေး စိုက်ပျိုးရေးသိပ္ပံနှင့် မွေးမြူရေးသိပ္ပံများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံအတွင်း ထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များအား ပြည်တွင်း၌ပင် အဆင့်မီစွာဖြင့် လုံလုံလောက်လောက် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်၍ ပြည်တွင်းထုတ်လုပ်မှုကို အားပေးရန်လိုကြောင်း၊ မွန်ပြည်နယ်အတွင်း နိုင်ငံအတွက်လိုအပ်သည့် ထုတ်လုပ်၍ရသည့် ပစ္စည်းများထုတ်လုပ်၍ ပြည်ပသွင်းကုန်များကို အစားထိုးဆောင်ရွက်နိုင်ပါက များစွာအကျိုးရှိမည်ဖြစ်ကြောင်း။

အထွက်နှုန်း ကောင်းမွန်စေရန်

မြေအသုံးချမှုနှင့်ပတ်သက်၍ စိုက်ပျိုးရေးလုပ်ငန်းများကို အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် အဓိကဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ စပါးစိုက်ပျိုးထုတ်လုပ်မှုမှာ ပြည်နယ်အတွက် ဆန်ဖူလုံမှုရှိသော်လည်း တစ်ဧကချင်းစိုက်ပျိုးထွက်ရှိမှုနှုန်း နည်းပါးလျက်ရှိသည်ကို တွေ့ရှိရသဖြင့် အထွက်နှုန်းကောင်းမွန်

ဒီမိုကရေစီစနစ်နှင့်
ဖက်ဒရယ်စနစ်ကို အခြေခံသည့်
ပြည်ထောင်စုစနစ်
တည်ဆောက်ရေးအတွက်
ဆက်လက်ဆောင်ရွက်သွားမည်။

စေရန်အတွက် မျိုးကောင်းရန်၊ မြေနှင့်ရေကောင်းရန်၊ စိုက်နည်းစနစ် မှန်ကန်ရန်နှင့် လိုအပ်သည့် သွင်းအားစုများကိုလည်း ပြည့်ပြည့်ဝဝဖြင့် ထည့်သွင်းအသုံးပြုရန်လိုကြောင်း၊ အထွက်နှုန်းတိုးအောင် ဆောင်ရွက်နိုင်ပါက ဒေသခံတောင်သူများ၏ လူမှုစီးပွားဘဝကို တိုးတက်စေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးနှင့် ပတ်သက်၍ တာဝန်ရှိသူများက တစ်ဧက အထွက်နှုန်းတိုးတက်ရေး အတွက် ဝိုင်းဝန်းအားပေးဆောင်ရွက်ရန် လိုကြောင်း။

အလားတူ ရော်ဘာ၊ ဒူးရင်း၊ ကြက်မောက်၊ အုန်း၊ ကျွဲကော၊ သရက်၊ သီဟိုဠ်စသည့် နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးရာတွင်လည်း ရှိပြီးသား ကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်များအပေါ်တွင်မူတည်၍ အထွက်နှုန်းကောင်းမွန်ရန်နှင့် အသီးအနှံများ၏ အရည်အသွေး ပိုမိုတိုးတက်ကောင်းမွန်စေရန် သုတေသနပြုဆောင်ရွက်နေရန်လိုကြောင်း၊ ထွက်ရှိသည့်သီးနှံများ အရည်အသွေးကောင်းမွန်ပါက ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ခြင်းကြောင့် နိုင်ငံခြားငွေများ ရရှိမည်ဖြစ်သဖြင့် ဒေသခံစိုက်ပျိုးတောင်သူများအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်သဖြင့် ဒေသတိုးတက်ရေးကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ အလားတူ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် ဆောင်ရွက်နိုင်ပါက အောင်မြင်မှုရရှိနိုင်သည့်အလားအလာကောင်းများရှိကြောင်း၊ ရေပေါသည့်ဒေသဖြစ်သဖြင့် ဘဲမွေးမြူရေးလုပ်ငန်းများကိုလည်း စနစ်တကျဖြင့် ဆောင်ရွက်သင့်ကြောင်း၊ အသားစားနွားများ၊ ကြက်၊ ဝက်နှင့် ငါးပုစွန်များအား နည်းပညာအသုံးပြု အဆင့်မြင့်မွေးမြူ၍ အေးခဲအသားများပြုလုပ်ပြီး ပြည်ပသို့တင်ပို့နိုင်ရန် လိုကြောင်း၊ မွန်ပြည်နယ်သည် အချက်အချာကျသည့်နေရာတွင် တည်ရှိခြင်းကြောင့် ရှိပြီးသားအခြေခံများကို အသုံးချ၍ ပြည်နယ်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြစေလိုကြောင်း။

လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းနှင့်ပတ်သက်၍ ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ရေအားလျှပ်စစ်ထုတ်လုပ်ခြင်းလုပ်ငန်းများကို ပိုမိုအားပေးဆောင်ရွက်သင့်ကြောင်း၊ ပြည်နယ်အတွင်းဖြစ်နိုင်သည့် ရေအားလျှပ်စစ်စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါက ပြည်နယ်နှင့် နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

တပ်မတော်သည် ပြည်သူကလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာရှိစေရေးဆောင်ရွက်လျက်ရှိကြောင်း၊ မိမိအနေဖြင့် ၂၀၁၈ ခုနှစ် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် တတိယအကြိမ်နှစ်ပတ်လည်နေ့အခမ်းအနား၌ သန့်ရှင်းသည့် ဒီမိုကရေစီ၊ ရိုးသားသည့် ဒီမိုကရေစီစနစ်ကို သွားချင်သည်ဟု ပြောကြားခဲ့ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင် ထူးခြားသည့် ဝိသေသလက္ခဏာများ များစွာရှိကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခန်း(၁)အခြေခံမူများနှင့် အခန်း(၈)နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များကို လေ့လာကြည့်ပါက နိုင်ငံအတွင်းရှိ တိုင်းရင်းသားအားလုံးအား တူညီသည့်အခွင့်အရေးများ ပေးထားသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှုကိုသာ လိုလားခဲ့ကြောင်း၊ စစ်ဘက်အရပ်ဘက်ဆက်ဆံရေး ပိုမိုအဆင်ပြေစေရေး ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ ပြုလုပ်ခဲ့ချိန်တွင်လည်း တပ်မတော်မဲရုံများ တပ်ပြင်ပတွင်ဖွင့်လှစ်ရန် ပြောကြားခဲ့သည့်အတွက် ခွင့်ပြုပေးခဲ့ကြောင်း၊ မိမိကိုယ်တိုင်လည်း

ကြိုတင်မဲမပေးဘဲ တပ်မိသားစုများနှင့်အတူ ဆန္ဒမဲပေးခဲ့ကြောင်း၊ ထို့နောက် မဲစာရင်းမှားယွင်းမှုများကို တွေ့ရှိရသဖြင့် ပြန်လည်စိစစ်နိုင်ရန်အတွက် ရွေးကောက်ပွဲကော်မရှင်သို့ မဲဆန္ဒရှင်စာရင်းများ တောင်းခံခဲ့သော်လည်း ပေးအပ်ခဲ့ခြင်းမရှိသည့်အပြင် ဖြေရှင်းဆောင်ရွက်မှုလည်း မရှိခဲ့ကြောင်း၊ ယခု အသစ်ဖွဲ့စည်းထားသည့် ရွေးကောက်ပွဲကော်မရှင်မှ ပြန်လည်စိစစ်သည့် အချိန်တွင်လည်း မှားယွင်းမှုများ များစွာဖြစ်ပေါ်ခဲ့သည်ကို ထပ်မံစစ်ဆေး တွေ့ရှိရကြောင်း၊ အောက်ခြေမှစ၍ နိုင်ငံတော်အဆင့်အထိ မရိုးမသား ဆောင်ရွက်ထားသည်များကိုပါ စိစစ်တွေ့ရှိရသဖြင့် တွေ့ရှိချက်များကို အချိန်ကာလတစ်ခုတွင် ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်တွင် နိုင်ငံရေးအရမရိုးမသား ဆောင်ရွက်၍မရကြောင်း၊ ဒီမိုကရေစီစနစ်ဖြင့် လျှောက်လှမ်းချိန်တွင် ရွေးကောက်ပွဲသည် အဓိကအရေးကြီးကြောင်း၊ မိမိတို့အနေဖြင့် မဲစာရင်းမှားယွင်းမှုများကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏တာဝန်များအား ခေတ္တတာဝန်ယူ ထမ်းဆောင်နေခြင်းဖြစ်ကြောင်း၊ လွတ်လပ်ပြီး မျှတသည့် ရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ် တည်ဆောက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

■ ■ ■

မော်လမြိုင်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံပြောကြားသည့် အမှာစကား

(၁ – ၆ – ၂၀၂၁)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇွန်လ ၁ ရက် မွန်းလွဲပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် မော်လမြိုင်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ ဇနီးဒေါ်ကြူကြူလှ၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဗိုလ်ချုပ်ကြီးမောင်မောင်ကျော် နှင့်ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီး ချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုမောင်နှင့် မော်လမြိုင်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံ၏ နိုင်ငံရေးအခြေအနေများနှင့်ပတ်သက်၍ အရာရှိ၊ စစ်သည် မိသားစုများအနေဖြင့် သိရှိနေရမည် ဖြစ်ပြီး နိုင်ငံတွင်ဖြစ်ပေါ်ခဲ့သည့် အခြေအနေများအရ စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ ဖြစ်စေရေး၊ ခိုင်မာသည့် ဒီမိုကရေစီစနစ်ဖြစ်စေရေး နိုင်ငံတော်၏ တာဝန်ကို တပ်မတော်မှ ခေတ္တတာဝန်ယူထိန်းသိမ်း ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲသည် အရေးကြီးသော အခန်းကဏ္ဍတွင် ပါဝင်ပြီး ရွေးကောက်ပွဲတွင် မဲမသမာမှုပြုလုပ်ခြင်းကို မည်သည့်နိုင်ငံတွင်မှ လက်ခံ၍ ရနိုင်မည်မဟုတ်ကြောင်း။

မှန်ကန်သည့်မဲရလဒ်များဖြစ်ရန် လိုအပ်

မိမိတို့နိုင်ငံ၏ ရွေးကောက်ပွဲဥပဒေအရ ရွေးကောက် ပွဲတွင် မဲပမာဏပိုမိုများပြားစွာရရှိသူက အနိုင်ရရှိသည် ဖြစ်သော်လည်း မှန်ကန်သည့်မဲရလဒ်များဖြစ်ရန် လိုအပ် မည်ဖြစ်သကဲ့သို့ မဲဆန္ဒရှင်များအနေဖြင့် ရာနှုန်းပြည့် ပါဝင်မဲပေးရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ မိမိတို့ ရွေးချယ်ပေးလိုက်သည့် ကိုယ်စားလှယ်များသည် မိမိတို့ ကိုယ်စား နိုင်ငံတော်အကြီးအကဲများကို မဲပေးရွေးချယ်ကြ မည့်သူများဖြစ်သဖြင့် ပြည်သူ့ကိုယ်စားလှယ်အစစ်အမှန် ဖြစ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ မဲမသမာမှု များပြုလုပ်ပြီး ရွေးကောက်ပွဲတွင် အနိုင်ရရှိလာမည့် သူများသည် ပြည်သူ့ကိုယ်စားလှယ်အစစ်အမှန် မည်သို့မျှ မဖြစ်နိုင်သည်ကို စဉ်းစားသုံးသပ်ကြစေလိုကြောင်း။

တပ်မတော်အနေဖြင့် မဲစာရင်းမှားယွင်းနေမှုများ ကို ဖြေရှင်းဆောင်ရွက်ပေးရန် မည်သို့ပင်ပြောဆိုခဲ့

သော်လည်း တာဝန်ရှိသူများအနေဖြင့် ဖြေရှင်းပေးခြင်း မရှိသည့်အပြင် တတိယအကြိမ်လွှတ်တော် ခေါ်ယူ၍ အစိုးရအသစ်ဖွဲ့ကာ နိုင်ငံတော်၏အာဏာကို အဓမ္မရယူရန် ဆောင်ရွက်ခဲ့သောကြောင့် ယခုအခြေအနေသို့ ရောက်ရှိခဲ့ရခြင်းဖြစ်ကြောင်း၊ တပ်မတော်မှ တာဝန်ယူပြီး အစောပိုင်းကာလများတွင် ငြိမ်းချမ်းခဲ့သော်လည်း နောက်ပိုင်းတွင် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို မလိုလားသူများ၏ နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်မှုများကြောင့် ဆူပူမှု၊ ဆန္ဒပြမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့နောက် ဆူပူဆန္ဒပြသည့်အဆင့်၊ မင်းမဲ့စရိုက်ဆန်သည့် ဥပဒေချိုးဖောက်မှုအဆင့်များမှတစ်ဆင့် အဖျက်အမှောင့်လက်နက်များကိုကိုင်စွဲ၍ နိုင်ငံတော်အုပ်ချုပ်ရေး အဆောက်အအုံများ၊ ရဲစခန်းများ၊ တရားရေးဆိုင်ရာ အဆောက်အအုံများအပြင် ရိုးသားအေးချမ်းစွာနေထိုင်လိုသည့် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ စက်ရုံ၊ အလုပ်ရုံများအား မီးရှို့ဖျက်ဆီးခြင်းများ၊ ဝင်ရောက်စီးနင်းရန် ကြိုးပမ်းအားထုတ်မှုများ စသည့် လက်နက်ကိုင်အကြမ်းဖက်သည့်အဆင့်သို့ ကူးစက်အသွင်ပြောင်းလာခဲ့သည်ကို တွေ့ရှိလာရကြောင်း၊ ထိုသို့ အကြမ်းဖက်မှုများကို လုံလောက်သည့် ဟန့်တားမှုများ ပြန်လည်လုပ်ဆောင်ရမည်ဖြစ်ပြီး ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပေးရမည်ဖြစ်ကြောင်း။

စဉ်းစားလုပ်ဆောင်ကြစေလို

ထို့ပြင် အချို့သော နိုင်ငံ့ဝန်ထမ်းများသည် မိမိတို့၏ လုပ်ငန်းခွင်များမှ အကြောင်းမဲ့ပျက်ကွက်၍ အဖျက်အမှောင့်သမားများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် CDM လှုပ်ရှားမှုများတွင် ပါဝင်လျက်ရှိကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် မည်သူမည်ဝါဖြစ်သည်ကို ခွဲခြားနေ၍မရဘဲ ကျား၊ မ မရွေး၊ အသက်အရွယ်မရွေး ကုသပေးရန် တာဝန်ရှိသည်ဖြစ်သော်လည်း လုပ်ငန်းတာဝန်များမှ ပျက်ကွက်လျက်ရှိနေကြကြောင်း၊ ပညာရေးဝန်ထမ်းများအနေဖြင့်လည်း ကျောင်းနေအရွယ် ကလေးငယ်များကို အခြေခံပညာ သင်ကြားပြသပေးရမည့် တာဝန်ရှိကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိတို့တစ်ဦးတစ်ယောက်၏ စိတ်ခံစားချက်များနှင့် လုပ်ငန်းတာဝန်များကို ခွဲခြားသိမြင်ရန်လိုပြီး နိုင်ငံတော်အတွက် စဉ်းစားလုပ်ဆောင်ကြစေလိုကြောင်း။

ထိုကဲ့သို့ လုပ်ဆောင်မှုများ ရှိနေသည်ဖြစ်သော်လည်း မိမိတို့တိုင်းပြည်တွင် လုပ်ဆောင်ရန်များစွာရှိနေသောကြောင့် တတ်နိုင်သရွေ့ ကြိုးပမ်းလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်ပျက်ကွက်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများ၏နေရာတွင် အစားထိုးခန့်ထားနိုင်ရေး လိုအပ်သည်များ လုပ်ဆောင်လျက်ရှိကြောင်း၊ ယနေ့ ဇွန် ၁ ရက်တွင် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ပြီး ယနေ့တွင် ကျောင်းသားကျောင်းသူများ ကျောင်းစတင်တက်ရောက်လျက်ရှိပြီဖြစ်ကြောင်း၊ အရေးပေါ်ကာလတာဝန်များ ပြီးမြောက်အောင် ဆောင်ရွက်ပြီးပါက လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကို ပြန်လည်ပြုလုပ်ကာ တာဝန်လွှဲပြောင်းမှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း။

တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်ပြီး ခေတ်အဆက်ဆက် အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် ပါဝင်ထိန်းသိမ်းဆောင်ရွက်ခဲ့ရသဖြင့် ယခုကဲ့သို့ ဆက်လက်ထိန်းသိမ်းလုပ်ဆောင်ပေးနေရခြင်းဖြစ်ကြောင်း၊ တပ်မတော်သားဘဝကို ခံယူခဲ့ကြသူများဖြစ်သည့်အတွက် တပ်မတော်သားကောင်းပီသစွာဖြင့် နိုင်ငံတော်နှင့် တပ်မတော်၏ တာဝန်များကို ကြိုးပမ်းထမ်းဆောင်ကြစေလိုကြောင်း၊ စစ်စည်းကမ်းသည် တပ်မတော်၏ကျောရိုးဖြစ်သည်နှင့်အညီ အမိန့်နာခံတတ်ပြီး စည်းကမ်းရှိရမည်ဖြစ်ကြောင်း၊ ခေါင်းဆောင်မှုအခန်းကဏ္ဍသည် အရေးကြီးသဖြင့် ညီညွတ်မျှတသည့် အုပ်ချုပ်မှုနှင့် ဆင့်ကဲကွပ်ကဲမှုစနစ် ရှိရမည်ဖြစ်ကြောင်း၊ ခေါင်းဆောင်များအနေဖြင့် မိမိလက်အောက်ငယ်သားများ၏ အခက်အခဲအကျပ်အတည်းများကို တော်တည့်မှန်ကန်စွာဖြင့် ဖြေရှင်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အသိ၊ သတိရှိစွာဖြင့် တာဝန်ထမ်းဆောင်နိုင်ရေးကို အခြေခံသင်တန်းများတက်ရောက်စဉ်ကပင် လေ့ကျင့်သင်ကြားပေးခဲ့ပြီးဖြစ်သဖြင့် သင်ကြားပေးလိုက်သည့် ပညာရပ်များကို မှန်မှန်ကန်ကန် အသုံးချစေလိုကြောင်း၊ မိမိတို့၏ တိုင်းပြည်ကာကွယ်ရေးတာဝန် ထမ်းဆောင်မှုများကို ဂုဏ်ယူကြရန်နှင့် အနာဂတ်ကို ကြိုတင်မြော်တွေးစဉ်းစားကာ မိမိဘဝတိုးတက်ရန် မိမိကိုယ်မိမိ တည်ဆောက်နေကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

■ ■ ■

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး (၈/၂၀၂၁)တွင် ပြောကြားသည့် အမှာစကား

(၃ - ၆ - ၂၀၂၁)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး(၈/၂၀၂၁)ကို ဇွန်လ ၃ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၊ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဦးကိုကိုလှိုင်၊ ဦးချစ်နိုင်၊ ဦးကိုကို၊ ဦးတင်ထွဋ်ဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဦးမြင့်ကြိုင်၊ ဒေါက်တာချာလီသန်း၊ ဒေါက်တာပွင့်ဆန်း၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးရွှေလေး၊ ဒေါက်တာသက်သက်ခိုင်၊ ဦးမောင်မောင်အုန်း၊ ဦးစောထွန်းအောင်မြင့်နှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာဒေါ်သီတာဦးတို့ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေး ကော်မတီအစည်းအဝေးအမှတ်စဉ်(၇/၂၀၂၁) ဆုံးဖြတ်ချက်မှတ်တမ်းကို အတည်ပြုသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံစီးပွားရေးတိုးတက်စေရန်နှင့် နိုင်ငံတည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်ပေးရန်အတွက် အစိုးရတွင်တာဝန်ရှိကြောင်း၊ မိမိတို့တာဝန်ယူသည့် အချိန်ကာလအတွင်း လုပ်သင့်လုပ်ထိုက်သည်များကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှုရှိစေရန်အတွက် သက်ဆိုင်ရာ တပ်မတော်၊ အုပ်ချုပ်ရေး၊ ဥပဒေရေးရာနှင့် သက်ဆိုင်သည့် ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့သည် အဓိကကျကြောင်း၊ စီးပွားရေးနှင့်ပတ်သက်၍ စီမံခန့်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်နေသူများတွင် တာဝန်ရှိကြောင်း၊ ပြီးခဲ့သည့်ရက်ပိုင်းအတွင်း ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်သို့ သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း အဆိုပါပြည်နယ်များတွင် ဝမ်းစာဖူလုံမှုရှိသည်ကို သိရှိရကြောင်း၊ သို့သော် အချို့မြို့နယ်များသည် နယ်စပ်

ကုန်သွယ်မှုလုပ်ငန်းများပေါ်တွင် မှီခိုနေသည့်အတွက် စိုက်ပျိုးရေးလုပ်ငန်းများ ပြည့်ဝစွာဖြင့် မဆောင်ရွက်နိုင်သဖြင့် ဝမ်းစာဖူလုံမှုမရှိသော်လည်း ပြည်နယ်တစ်ခုလုံးထွက်ရှိမှုအရ ဖူလုံမှုရှိသည်ကို တွေ့ရှိရကြောင်း။

ပြည်ပသို့ ဆန်တင်ပို့မှုများရှိ

မိမိတို့နိုင်ငံတွင် နွေစပါးစိုက်ပျိုးဧက ၂ ဒသမ ၆၇ သန်းခန့်၊ မိုးစပါးစိုက်ဧက ၁၅ သန်းခန့်ရှိပြီး နိုင်ငံအတွင်းဆန်ဖူလုံမှုရှိကာ ပြည်ပသို့ ဆန်တင်ပို့မှုများရှိကြောင်း၊ စိုက်ဧကတိုးချဲ့ခြင်းမပြုဘဲ ရှိပြီးသားစိုက်ပျိုးမြေများပေါ်တွင် တစ်ဧကချင်းအလိုက် အထွက်နှုန်းတိုးအောင် ဆောင်ရွက်နိုင်ပါက ယခုထက် အထွက်နှုန်းပိုမိုတိုးတက်ပြီး ပိုလျှံလာမည်ဖြစ်ကြောင်း၊ အထွက်နှုန်းတိုးတက်စေရန်အတွက် မျိုးကောင်းမျိုးသန့်ဖြစ်စေရေး၊ စိုက်ပျိုးရေလုံလောက်စွာရရှိရေးနှင့် သွင်းအားစုများအား ပြည့်ဝစွာထည့်သွင်းရေးတို့ကို ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အထွက်နှုန်းတိုးအောင် ဆောင်ရွက်ခြင်းဖြင့် တောင်သူများ စီးပွားရေးတိုးတက်လာမည်ဖြစ်သောကြောင့် နိုင်ငံ၏ အကျိုးစီးပွားလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အခြားဝန်ကြီးဌာနများမှ တာဝန်ရှိသူများအနေဖြင့်လည်း မိမိတို့ရောက်ရှိရာဒေသအလိုက် မြေကို အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် စိုက်ပျိုးရေးတောင်သူများ တစ်ဧကချင်းအလိုက် အထွက်နှုန်းတိုးစေရေး ကြိုးစားဆောင်ရွက်စေရန်အတွက် တိုက်တွန်းအားပေးကူညီကြစေလိုကြောင်း၊ မည်သည့်သီးနှံအပင်များကို စိုက်ပျိုးသည်ဖြစ်စေ စိုက်ပျိုးမြေအား အကျိုးရှိရှိပြည့်ပြည့်ဝဝဖြင့် တန်ဖိုးရှိစွာ အသုံးချစေလိုကြောင်း၊ ထို့အတူ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင်လည်း စနစ်တကျဖြင့် မွေးမြူကြရန်လိုအပ်ကြောင်း။

မြေအသုံးချမှုများနှင့်ပတ်သက်၍ မြို့ပြစီမံကိန်းနှင့် အိုးအိမ်စီမံကိန်းတည်ဆောက်မှုများတွင် လက်တွေ့ဖော်ဆောင်ရာ၌ အပြည့်အဝဆောင်ရွက်နိုင်ခြင်းမရှိဘဲ စိုက်ပျိုးမြေများပျက်စီးဆုံးရှုံးမှုများတွေ့ရှိရကြောင်း၊ ထို့ကြောင့် တာဝန်ရှိသူများအနေဖြင့် မြို့ပြစီမံကိန်းများ ဖော်ဆောင်ရာတွင် မြေကိုအကျိုးရှိစွာဖြင့်အသုံးချနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ မြို့ကွက်သစ်များဖော်ဆောင်ရာတွင် ပါဝင်ရမည့်အင်္ဂါရပ်များဖြစ်သည့် အားကစားကွင်းများ၊ ကျောင်းများ၊ ဆေးရုံများ၊ ဥယျာဉ်များ၊ ဈေးများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် သက်ဆိုင်သည့်နေရာများအား ပြည့်ပြည့်ဝဝထည့်သွင်း၍ အနာဂတ်အတွက် မျှော်မှန်းတည်ဆောက်ရန်လိုအပ်သကဲ့သို့ ထည့်သွင်းစဉ်းစားရမည့်အချက်များအား စနစ်တကျတွက်ချက် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မြို့သစ်တည်ဆောက်ရန် မြေနေရာရွေးချယ်ရာတွင်လည်း စိုက်ပျိုးမြေများ ဆုံးရှုံးမှုမရှိစေရေး စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ အလားတူရွှေ့ပြောင်းတောင်ယာများ ထပ်မံမပေါ်ပေါက်စေရေးလိုအပ်သည့် စိုက်ပျိုးရေများရရှိစေရေးအတွက် မြစ်ရေတင်စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုကြောင်း၊ ရေရှားပါးသည့်ဒေသများအတွက် စိုက်ပျိုးရေနှင့် သောက်သုံးရေများ ပြည့်ဝစွာရရှိရေး အလေးထားဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း။

သစ်တောသစ်ပင်များ ပြုန်းတီးမှုမရှိစေရေး

“ဥတုရာသီ တောကိုမှီ”ဆိုသည့်အတိုင်း သစ်တောသစ်ပင်များ ပြုန်းတီးမှုမရှိစေရေး ဆောင်ရွက်ရန်လိုကြောင်း၊ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာမရရှိသေးသည့်အတွက် ထင်းနှင့်မီးသွေး သုံးစွဲမှုများရှိနေသေးသဖြင့် ဒေသအလိုက်ထင်းစိုက်ခင်းများ စိုက်ပျိုး၍ သစ်တောပြုန်းတီးမှုမရှိအောင် ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ သစ်ပင်သစ်တောများပြန်လည်ထိန်းသိမ်းရန်နှင့် သစ်တောပြန်လည်ထူထောင်ရေးလုပ်ငန်းများအား အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်ရန် လိုကြောင်း၊ သစ်ပင်သစ်တောများကို ထိန်းသိမ်းခြင်းဖြင့် ရာသီဥတုကြောင့် ဖြစ်ပေါ်လာမည့် သဘာဝဘေးဒဏ်ထိခိုက်မှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း။

စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်၍ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများအား အားပေးဆောင်ရွက်ရန်လိုကြောင်း၊ စီးပွားရေးဆိုင်ရာလုပ်ငန်းများ လည်ပတ်နိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးရန်နှင့် မိမိတို့နိုင်ငံရှိတိုင်းရင်းသားများ ကြီးပွားချမ်းသာရေးအပေါ် ဂုဏ်ယူပြီး အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးရန်လိုကြောင်း၊ တည်ငြိမ်အေးချမ်းရေးအတွက် တည်ဆဲဥပဒေများကို ပြည်သူများအားလုံး လေးစားလိုက်နာရန်လိုကြောင်း၊ ဥပဒေများနှင့်အညီ ဆောင်ရွက်၍ရသည်များကို ဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူများအားလုံး စိတ်ချမ်း

သာပြီး ဥပဒေကို လေးစားလိုက်နာလာမည်ဖြစ်ကြောင်း၊ ဥပဒေလေးစားလိုက်နာမှု အားကောင်းလာပါက တည်ငြိမ်အေးချမ်းမှုရှိလာမည်ဖြစ်ကြောင်း။

ရာခိုင်နှုန်းအားဖြင့် တိုးတက်လာ

စီးပွားရေးနှင့်ပတ်သက်၍ ကမ္ဘာပေါ်တွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၊ စက်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများအပေါ်တွင် အခြေခံ၍ ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံ ဖြစ်သဖြင့် စိုက်ပျိုးရေးလုပ်ငန်းအောင်မြင်အောင် ဆောင်ရွက်ရန်နှင့် စိုက်ပျိုးရေးထုတ်ကုန်ပစ္စည်းများကိုအခြေခံသည့် စက်မှုလုပ်ငန်းများကို ဆောင်ရွက်ရန်လိုကြောင်း၊ ဝန်ဆောင်မှုလုပ်ငန်းများတွင်ပါဝင်သည့် ဘဏ်လုပ်ငန်းများ အရှိန်အဟုန်မပြတ်လည်ပတ်နိုင်ရေး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်နေရန်လိုကြောင်း၊ ပညာရည်မြင့်တင်ရေးနှင့်ပတ်သက်၍ မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုအခါ ကျောင်းများပြန်လည်ဖွင့်လှစ်ထားပြီး ကျောင်းတက်ရောက်သည့် ကျောင်းသားကျောင်းသူများ ရာခိုင်နှုန်းအားဖြင့် တိုးတက်လာပြီဖြစ်ကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် အခြေခံပညာနှင့် တက္ကသိုလ်၊ ကောလိပ်များတွင် တက်ရောက်နေသောကျောင်းသားကျောင်းသူများ ကျောင်းတက်မပျက်စေရေးအတွက်လည်း အားပေးကူညီဆောင်ရွက်ရန် လိုကြောင်း၊ ပညာသင်ကြားလျက်ရှိသည့် ကျောင်းသားကျောင်းသူများ လုံခြုံမှုရှိစေရေးအတွက် သက်ဆိုင်ရာလုံခြုံရေးအဖွဲ့အစည်းများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် တာဝန်သိပြည်သူများ ပူးပေါင်း၍ ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံအတွင်း စီးပွားရေးကောင်းအောင် ဆောင်ရွက်နိုင်ပြီး ပညာတတ်များပေါ်များအောင် ဆောင်ရွက်နိုင်မည်ဆိုပါက မိမိတို့လူမှုအသိုင်းအဝိုင်း တိုးတက်လာမည်ဖြစ်ကြောင်း မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြဆွေးနွေး၍ အတည်ပြုချက်ရယူကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ကျန်းမာရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံ၏မျှော်မှန်းသက်တမ်းသည် အိမ်နီးချင်းနိုင်ငံများနှင့်နှိုင်းယှဉ်ပါက နိမ့်ကျလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ကျန်းမာရေးနှင့်ပတ်သက်၍ လိုအပ်ချက်များရှိနေပြီး အခြေခံအားဖြင့် ကျန်းမာ၍ကိုယ်ခံစွမ်းအားကောင်းမွန်စေရေးအတွက် စားသောက်မှုပုံစံသည်အရေးကြီးကြောင်း၊ စားသောက်မှုပုံစံပေါ်မူတည်၍ ရှေးယခင်က မိမိတို့နိုင်ငံသားများသည် အခြားနိုင်ငံသားများနည်းတူ ကျန်းမာကြံ့ခိုင်ခဲ့ကြကြောင်း၊ ယခုနောက်ပိုင်းတွင် ကျန်းမာကြံ့ခိုင်မှုနှင့် ကိုယ်ခန္ဓာဖွံ့ဖြိုးမှုများ လျော့ကျလာသည်ကို တွေ့ရကြောင်း။

အစားအသောက် ဖူလုံစွာစားသုံးနိုင်ရေး

ထို့ကြောင့် မိမိတို့အနေဖြင့် အနာဂတ်ကာလ၌ နောက်မျိုးဆက်များ ကျန်းမာကြံ့ခိုင်မှုနှင့် ခန္ဓာကိုယ်ဖွံ့ဖြိုးမှုတိုးတက်စေရေး ပြုစုပျိုးထောင်ပေးရန် လိုအပ်ကြောင်း၊ သို့ဖြစ်၍ ဆန်စားသုံးမှုအပြင် ဂျုံကိုပါ စားသုံးနိုင်ရေး ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ကျန်းမာကြံ့ခိုင်ပြီး ခန္ဓာကိုယ်ဖွံ့ဖြိုးစေရန်အတွက် အစာအာဟာရကိုပြည့်ဝစွာစားသုံးနိုင်ရေးနှင့် အသားနှင့်ငါးများကို ပြည့်စုံကောင်းမွန်စွာ စားသုံးနိုင်ရေး လုပ်ဆောင်ပေးရန် လိုအပ်ကြောင်း၊နိုင်ငံအတွင်း လူတန်းစားမရွေး အစားအသောက်ဖူလုံစွာ စားသုံးနိုင်ရေးကို နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်ပေးရမည့်အပြင် စားသောက်မှုပုံစံကိုလည်း ကျန်းမာရေးနှင့်အညီ ပြုပြင်ပြောင်းလဲပေးရန်လိုအပ်ကြောင်း၊ အဓိကအားဖြင့် ဆီ၊ အချိုမှုန့်စားသုံးမှု လျှော့ချရန်နှင့် ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် အရက်၊ ဆေးလိပ်၊ ကွမ်းယာစားသုံးမှုများ လျှော့ချနိုင်ရေး အသိပညာပေး ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ နိုင်ငံသူနိုင်ငံသားများ ကျန်းမာသန်စွမ်းပြီး သက်တမ်းစေ့နေထိုင်နိုင်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် ဝိုင်းဝန်းစဉ်းစား ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားသည်။

■ ■ ■

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အခမ်းအနားတွင် ပြောကြားသည့် အမှာစကား

(၅ - ၆ - ၂၀၂၁)

၂၀၂၁ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အခမ်းအနားကို ဇွန်လ ၅ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ ဦးမောင်းဟာ၊ စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုး၊ ဦးရွှေကြိမ်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဦးတင်ထွဋ်ဦး၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဦးရွှေလေး၊ ဒေါက်တာသက်သက်ခိုင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ ဒုတိယဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဝင်များ၊ အမြဲတမ်းအတွင်းဝန်များ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဆက်စပ်ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ပါမောက္ခချုပ်များ၊ တာဝန်ရှိသူများ၊ နေပြည်တော်ရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ဆုရရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အဖွင့်မိန့်ခွန်းပြောကြားရာတွင် ယနေ့ကျရောက်သည့် ၂၀၂၁ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့၏ ဆောင်ပုဒ်အနေဖြင့် "ပတ်ဝန်းကျင်ရေရှည်တည်တံ့ကောင်းမွန်ဖို့ ဂေဟစနစ်ကို ပြန်လည်ပြုပြင်ထိန်းသိမ်းကြပါစို့ (Ecosystem Restoration)" ဖြစ်ပါကြောင်း၊ လူသားများနှင့် သဘာဝအကြားဆက်စပ်မှုကို ပိုမိုသဟဇာတဖြစ်စေရန် ရည်ရွယ်ချက်နှင့် အလေးပေးဖော်ညွှန်းထားသည့် ဆောင်ပုဒ်ဖြစ်ပါကြောင်း။

ထင်ထင်ရှားရှားတွေ့ရမည်

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ ပြောကြားရာတွင် လူသားများ၏ ရှင်သန်ရပ်တည်နိုင်ရေးတွင် ပတ်ဝန်းကျင် ရေရှည်တည်တံ့ကောင်းမွန်ရန် လိုအပ်ပါကြောင်း၊ ကမ္ဘာတစ်ဝန်း၌ လက်ရှိကြုံတွေ့နေရသည့်ဖြစ်စဉ်ကို ကြည့်မည်ဆိုပါက သစ်တောများ စည်းမဲ့ကမ်းမဲ့

ခုတ်ထွင်ရှင်းလင်းခြင်း၊ တောရိုင်းတိရစ္ဆာန်တို့ နေထိုင်ရာဒေသများကို ကျူးကျော်နယ်ချဲ့ပြီး မြို့ပြနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ စိုက်ပျိုးမြေများ အလွန်အကျွံချဲ့ထွင်အသုံးပြုခြင်း၊ ရေနေသတ္တဝါများ အလွန်အကျွံ ဖမ်းဆီးခြင်း၊ တောမီးလောင်ကျွမ်းခြင်းနှင့် ကာဗွန်ထုတ်လွှတ်မှုများပြားသည့် စက်မှုဖွံ့ဖြိုးရေးနှင့် ရုပ်ကြွင်းလောင်စာအခြေခံသည့် စွမ်းအင်ထုတ်လုပ်မှုလုပ်ငန်းများကို တိုးချဲ့လုပ်ဆောင်ခြင်းများကြောင့် ဂေဟစနစ်သည် တစ်နေ့ထက်တစ်နေ့ ပျက်စီးနေသည့်အခြေအနေကြုံတွေ့နေရသည်ကို ထင်ထင်ရှားရှားတွေ့ရမည်ဖြစ်ပါကြောင်း။

ထို့အတူ မြန်မာနိုင်ငံ၏ အရေးကြီးသည့် သစ်တောဂေဟစနစ်ကိုကြည့်မည်ဆိုပါက ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ ၂၀၀၀ ပြည့်နှစ်သစ်တောသယံဇာတ ဆန်းစစ်လေ့လာခြင်း အစီရင်ခံစာအရ သစ်တောဖုံးလွှမ်းမှုသည် နှစ်ကာလအလိုက်လျော့ကျလာသည်ကို လေ့လာသိရှိရပါကြောင်း၊ သစ်တောပြုန်းတီးရခြင်း၏ နောက်ဆက်တွဲဆိုးကျိုးအနေဖြင့် မြစ်၊ ချောင်း၊ ကန်များ ညစ်ညမ်းလာပြီး ရေချိုများခန်းခြောက်လာခြင်း၊ ကမ်းခြေများနှင့် ပင်လယ်သမုဒ္ဒရာများ ပျက်စီးယိုယွင်းခြင်း၊ ရာသီဥတုပြောင်းလဲလာခြင်း၊ တောင်ပေါ်ဒေသ မြေဆီလွှာများ ပြုန်းတီးခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းပျောက်ဆုံးခြင်း စသည့် ဂေဟစနစ်များ ယိုယွင်းပျက်စီးမှုများနှင့်အတူ လူသားများ အသက်ရှင် ရပ်တည်ရေးအတွက် ကြီးမားသောခြိမ်းခြောက်မှုများ ဖြစ်ပေါ်လာစေကြောင်း။

ကမ္ဘာ့ကုလသမဂ္ဂက ၂၀၂၀ ပြည့်နှစ်တွင် ထုတ်ပြန်သည့် ၂၀၂၁-၂၀၃၀ အထိ ဂေဟစနစ် ပြန်လည်ကောင်းမွန်ရှင်သန်ရေး ကုလသမဂ္ဂဆယ်စုနှစ် ကြေညာချက်အရ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဘေးအန္တရာယ်များကို တွန်းလှန်တိုက်ဖျက်နိုင်ရေး၊ သန်းပေါင်းများစွာသောမျိုးစိတ်များ လျော့ပါးပျောက်ကွယ်လာမှုကို ကာကွယ်တားဆီးနိုင်ရေးနှင့် အစားအစာဖူလုံမှု၊ ရေထောက်ပံ့မှုနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို သေချာခိုင်မာစေရေးတို့အတွက် ပျက်စီး၊ ပြုန်းတီးနေသည့် ဂေဟစနစ်များကို ပြန်လည်ရှင်သန်ကောင်းမွန်လာစေရေး မြှင့်တင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်ကို ယခုနှစ်ကမ္ဘာ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဆောင်ပုဒ် "ပတ်ဝန်းကျင် ရေရှည်တည်တံ့ကောင်းမွန်ဖို့ ဂေဟစနစ်ကို ပြန်လည်ပြုပြင်ထိန်းသိမ်းကြပါစို့ (Ecosystem Restoration)" ဖြင့် နှိုးဆော်ထားခြင်း ဖြစ်ပါကြောင်း။

ဖြေရှင်းနိုင်ရေး

၂၀၂၀ ပြည့်နှစ်သည် COVID-19 ကမ္ဘာ့ကပ်ရောဂါအပါအဝင် ဘေးအန္တရာယ်များစွာကို ရင်ဆိုင်ခဲ့ရသည့် နှစ်တစ်နှစ်ဖြစ်ခဲ့သကဲ့သို့ ယခုနှစ်တွင်လည်း COVID-19 ကပ်ရောဂါ ဆက်လက်ဖြစ်ပွားနေမှုနှင့်အတူ တစ်စထက်တစ်စ ယိုယွင်းပျက်စီးလာသည့် သဘာဝသယံဇာတ၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် ရာသီဥတုဖောက်ပြန်မှုဆိုင်ရာ ပြဿနာများကို ဖြေရှင်းနိုင်ရေးအတွက် အဓိကကျသည့် သဘာဝဂေဟစနစ် ပြန်လည်ထိန်းသိမ်းခြင်းကို မိမိတို့အားလုံး အဓိကဦးစားပေး အရေးကြီးလုပ်ငန်းအနေဖြင့် အထူးအလေးထား အကောင်အထည်ဖော်ဆောင်ရွက်နေကြရသည်ဖြစ်ပါကြောင်း။

လုပ်ဆောင်နေရန် လိုအပ်

မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ပြောကြားရာတွင်

> **မြန်မာနိုင်ငံသည်**
> **မြောက်ဘက်ဒေသ ရေခဲတောင်များမှ**
> **တောင်ဘက်ကမ်းရိုးတန်းဒေသများအထိ**
> **မတူကွဲပြားသည့် ဂေဟစနစ်များ၊ ဇီဝမျိုးစုံ**
> **မျိုးကွဲများနှင့် သဘာဝသယံဇာတများ**
> **ပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်**
> **နှင့်အညီ နိုင်ငံတော်၏ စီးပွားရေးနှင့်**
> **ပြည်သူများ၏ လူမှုစီးပွားဘဝ**
> **ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို**
> **ထိရောက်စွာ အထောက်အပံ့ပေးနိုင်သော**
> **ကောင်းမွန်သည့် ဂေဟစနစ်များနှင့်**
> **သဘာဝပတ်ဝန်းကျင်များ**
> **ရေရှည်တည်တံ့နိုင်ရေးသည်**
> **လွန်စွာအရေးကြီး။**

မိမိတို့မြန်မာနိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အလေးထားဆောင်ရွက်နေမှုကို အကျဉ်းမျှတင်ပြလိုပါကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) အခန်း(၁) နိုင်ငံတော်အခြေခံမူများ၊ ပုဒ်မ ၄၅ တွင် "နိုင်ငံတော်သည် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရမည်"ဟု လည်းကောင်း၊ အခန်း(၈) နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များ၊ ပုဒ်မ ၃၉၀ တွင် "နိုင်ငံသားတိုင်းသည် နိုင်ငံတော်အား ကူညီရန် တာဝန်ရှိသည်"ဟု ဖော်ပြထားသည့်ကိစ္စရပ်များ၌ "သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း" ဆိုသည့်အချက်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ဆိုလိုသည်မှာ မိမိတို့ မြန်မာနိုင်ငံသားများသည် တစ်ဦးချင်းအနေဖြင့် သာမက တစ်နိုင်ငံလုံးအနေဖြင့်ပါ သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်း စောင့်ရှောက်ရေးကို လုပ်ဆောင်နေရန် လိုအပ်ပါကြောင်း။

မြန်မာနိုင်ငံသည် မြောက်ဘက်ဒေသ ရေခဲတောင်များမှ တောင်ဘက်ကမ်းရိုးတန်းဒေသများအထိ မတူကွဲပြားသည့် ဂေဟစနစ်များ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝသယံဇာတများ ပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံတော်၏ စီးပွားရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ထိရောက်စွာ အထောက်အပံ့ပေးနိုင်သော ကောင်းမွန်သည့် ဂေဟစနစ်များနှင့် သဘာဝပတ်ဝန်းကျင်များ ရေရှည်တည်တံ့နိုင်ရေးသည် လွန်စွာအရေးကြီးပါကြောင်း။

ရည်မှန်းဆောင်ရွက်လျက်ရှိ

မြန်မာနိုင်ငံသည် သစ်တောဂေဟစနစ် ထိန်းသိမ်းနိုင်ရေးအတွက် ၂၀၃၀ ပြည့်နှစ်တွင် နိုင်ငံ့ဧရိယာ၏ (၃၀) ရာခိုင်နှုန်းကို သဘာဝကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများအဖြစ် ဖွဲ့စည်းနိုင်ရေး ရည်မှန်းဆောင်ရွက်လျက်ရှိရာ ယခုအခါ နိုင်ငံ့ဧရိယာ၏ (၂၅ ဒသမ ၆၁)ရာခိုင်နှုန်းကို သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများအဖြစ်လည်းကောင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေး သဘာဝနယ်မြေများ ဖွဲ့စည်းခြင်းကို နိုင်ငံ့ဧရိယာ၏ (၁၀) ရာခိုင်နှုန်း ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိရာ (၆ ဒသမ ၀၈) ရာခိုင်နှုန်းကို လည်းကောင်း ဖွဲ့စည်းထားနိုင်ခဲ့ပြီ ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ စုစုပေါင်းစိုက်ပျိုးမြေဧရိယာအနေဖြင့် ဧက ၄၈ ဒသမ ၅၂ သန်းရှိပြီး ဆန်စပါးစိုက်ဧကအနေဖြင့် ဧက ၁၇ ဒသမ ၃ သန်းရှိကြောင်း။

မြန်မာနိုင်ငံ၏လက်ရှိလူဦးရေအတွက် စိုက်ပျိုးမြေလုံလောက်စွာရှိပြီး ဆန်ဖူလုံမှုအနေဖြင့် ၁၂၇ ရာခိုင်နှုန်းဖြစ်သောကြောင့် လုံလောက်ရုံမက ပိုလျှံနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ အခြားသီးနှံများတွင်လည်း အဓိကသီးနှံများသည် ပြည်တွင်းဖူလုံမှုအပြင် ပိုလျှံမှုရှိသည့်အတွက် တစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက် နည်းပညာပိုင်းဆိုင်ရာများ တိုးမြှင့်ဆောင်ရွက်ရန်လိုပါကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမြေလုံလောက်စွာရှိပြီးဖြစ်သဖြင့် သစ်တောများကို ခုတ်ထွင်ဖယ်ရှားခြင်း မပြုတော့ဘဲ စနစ်တကျထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ တိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်းအစဉ်အလာအရ ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးခြင်းမှ တောင်ပေါ်အမြဲတမ်း ကုန်းမြင့်လယ်ယာများအဖြစ် စနစ်တကျပြောင်းလဲကျင့်သုံးရန်လည်း သက်ဆိုင်ရာဝန်ကြီးဌာနများက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

အထောက်အကူပြုလျက်ရှိ

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ဒီရေတောပေါက်ရောက်မှု သတ္တမအများဆုံးဖြစ်ပြီး အာရှတွင် ဒီရေတောပေါက်ရောက်မှု တတိယအများဆုံး ဖြစ်ပါကြောင်း၊ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ ၂၀၂၀

မြန်မာနိုင်ငံ၏လက်ရှိလူဦးရေအတွက် စိုက်ပျိုးမြေ လုံလောက်စွာရှိပြီး ဆန်ဖူလုံမှုအနေဖြင့် ၁၂၇ ရာခိုင်နှုန်း ဖြစ်သောကြောင့် လုံလောက်ရုံမက ပိုလျှံနေသည်ကိုတွေ့ရမည်ဖြစ်၊ အခြားသီးနှံများတွင်လည်း အဓိကသီးနှံများသည် ပြည်တွင်းဖူလုံမှုအပြင် ပိုလျှံမှုရှိသည့်အတွက် တစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက် နည်းပညာပိုင်းဆိုင်ရာများ တိုးမြှင့်ဆောင်ရွက်ရန်လို။

ပြည့်နှစ် အစီရင်ခံစာအရ မြန်မာ့ဒီရေပေါက်ရောက် သစ်တောများသည် မြန်မာနိုင်ငံ သစ်တောဖုံးလွှမ်းမှု ဧရိယာ၏ ၃ ဒသမ ၉ ရာခိုင်နှုန်း(၁၁၀၇၇၄၅ ဧက)ခန့် ရှိပြီး နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် အထောက်အကူ ပြုလျက်ရှိပါကြောင်း၊ ဒီရေတောများကို နည်းလမ်းမျိုး စုံဖြင့် ပြန်လည်တည်ထောင်လျက်ရှိရာ ယနေ့အချိန် အထိ ဒီရေတောစိုက်ခင်း ၂၆၉၉၀ ဧက၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်း ၁၅၄၃၆ ဧက၊ ပုဂ္ဂလိက စိုက်ခင်း ၃၀၆၅ ဧက၊ ဓမ္မတာမျိုးဆက်ခြင်း ဧက ၈၁၃၀၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက် သည့် ဒီရေတောစိုက်ခင်း ၁၀၃၄၈ ဧကတို့ကိုပြုစုပျိုးထောင် နိုင်ခဲ့ပြီဖြစ်ပါကြောင်း။

သဘာဝသစ်တောကြီးများ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် စွမ်းအင်အရင်းအမြစ်များ ပျက်သုဉ်းဆုံးရှုံးရခြင်း၏ အဓိကအကြောင်းရင်းများအနက် တစ်ခုအပါအဝင်ဖြစ် သည့်အတွက် ထင်းလောင်စာစွမ်းအင်ကို သစ်တော ကဏ္ဍမှ နေ့စဉ်နှင့်အမျှ ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း၊ ထင်း၊ မီးသွေးသုံးစွဲမှုသည် စုစုပေါင်းစွမ်းအင်သုံးစွဲမှု၏ ၇၆ ဒသမ ၄၁ ရာခိုင်နှုန်းအထိရှိပြီး နှစ်စဉ်ထင်း လိုအပ်ချက် ကုဗတန် ၁၆ ဒသမ ၅၃ သန်းခန့် ရှိပါ ကြောင်း၊ အမျိုးသားသစ်တောကဏ္ဍ ပင်မစီမံကိန်းတွင် တွက်ချက်မှုများအရ ကျေးလက်အိမ်ထောင်စုတစ်စုတွင် တစ်နှစ်ကို ထင်း ၂ ဒသမ ၅ ကုဗတန် အသုံးပြုနေပြီး မြို့ပြအိမ်ထောင်စု တစ်စုတွင် တစ်နှစ်ကို ထင်း ၁ ဒသမ ၄ ကုဗတန် အသုံးပြုနေသည်ဟု ခန့်မှန်းထားပါကြောင်း။

၂၀၁၇-၂၀၁၈ ခုနှစ်မှ စတင်အကောင်အထည်ဖော် လျက်ရှိသည့် မြန်မာနိုင်ငံသစ်တောများ ပြန်လည် တည်ထောင်ရေး (၁၀)နှစ်စီမံကိန်းမှာ ကျေးရွာ ထင်း စိုက်ခင်း ၁၀၄၅၆၃ ဧက တည်ထောင်မည်ဖြစ်ပြီး ယနေ့ အထိ ၂၁၄၃၆ ဧက တည်ထောင်ပြီးဖြစ်ပါကြောင်း၊ နှစ်စဉ် တစ်ရွာလျှင် အနည်းဆုံး နှစ်ဧကစိုက်ပျိုးနိုင်ရေးအတွက် ပြည်နယ်နှင့် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ နှင့် ဆက်စပ်ဝန်ကြီးဌာနများ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက် ကြရမည်ဖြစ်ပါကြောင်း။

ကျေးရွာများအထိ လျှပ်စစ်ဓာတ်အားရောက်ရှိရေး မှာ အချိန်ကာလတစ်ခုအထိ လိုအပ်နေသေးသဖြင့် ထင်း၊ မီးသွေးကို စွမ်းအင်အဖြစ် သုံးစွဲနေကြရဦးမည်ဖြစ်ပါ ကြောင်း၊ ထင်း၊ မီးသွေးများကို သဘာဝတောမှသာ ထုတ်ယူသုံးစွဲခြင်းထက် ကျေးရွာအလိုက် ကိုယ်ပိုင်ထင်း စိုက်ခင်းများ တည်ထောင်ရေးကို အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် တိုင်းဒေသကြီး၊ ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီများက ကြီးကြပ်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

စနစ်တကျထိန်းသိမ်း

မြန်မာနိုင်ငံတွင် သဘာဝဝါးတော ဧရိယာ ၄ ဒသမ ၄ သန်းကျော်ရှိပြီး ဝါးမျိုးစိတ် ၁၀၂ မျိုးရှိသည့်အနက် စီးပွားရေးအရ အရေးပါသည့်ဝါးမျိုးစိတ် ၁၈ မျိုးခန့်ရှိပါ ကြောင်း၊ နှစ်စဉ် ဝါးအလုံးရေ သန်း ၁၂၀ မှ ၁၈၀ အထိ ထုတ်လုပ်လျက်ရှိပါကြောင်း၊ စားသောက်ကုန်၊ အိမ်ဆောက် လုပ်ခြင်း၊ ပရိဘောဂအမျိုးမျိုးအပြင် ကျန်းမာရေးအရ သင့်တော်သည့် ဝါးအမျှင်(Bamboo Fiber)မှ ထုတ်လုပ် သည့် အဝတ်အထည်များသည် လူကြိုက်များပြီး ဈေးကွက် တွင် ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်ရောင်းချလျက်ရှိပါ ကြောင်း၊ ဝါးကို သဘာဝတောများမှသာ ခုတ်ယူသုံးစွဲ ကြပြီး ပြန်လည်စိုက်ပျိုးမှု အနည်းငယ်သာရှိပါကြောင်း၊ ထို့ကြောင့် ဝါးသည် အဓိကကျသည့် သစ်တောထွက်ကုန် ပစ္စည်းတစ်မျိုးဖြစ်သဖြင့် စနစ်တကျထိန်းသိမ်းပြီး၊ စီးပွားရေးအရ ထုတ်လုပ်သုံးစွဲရန် ဝါးစိုက်ခင်းများ ကျယ် ကျယ်ပြန့်ပြန့် တည်ထောင်စိုက်ပျိုးကြရန် လိုအပ်ပါကြောင်း။

သစ်ပင်သစ်တောများနှင့် ကောင်းမွန်သည့် သစ်တော ဂေဟစနစ်များသည် လေထုအတွင်းမှ ကာဗွန်ဒိုင်အောက် ဆိုဒ်ဓာတ်ငွေ့များကို စုပ်ယူသိုလှောင်ထားနိုင်သည့် သိုလှောင်ကန်ကြီးများလည်းဖြစ်သည့်အတွက် ကားလမ်း ဘေး လမ်းနယ်တစ်လျှောက်တွင် သစ်တောငယ်များ ဖန်တီးပေးခြင်းဖြင့် ကားများကထုတ်လွှတ်သည့် ကာဗွန် ဒိုင်အောက်ဆိုဒ်ကြောင့် ဖြစ်ပေါ်လာသည့် လေထု ညစ်ညမ်းမှုကို လျှော့ချနိုင်မည်ဖြစ်သကဲ့သို့ ရာသီဥတု ပြောင်းလဲမှု လျှော့ချရေးအတွက်လည်း အလွန်အရေး ကြီးသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ မြန်မာ နိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို အထောက် အပံ့ဖြစ်စေသည့် အဖိုးတန်သယံဇာတ အရင်းအမြစ်များ၊ သစ်ပင်သစ်တောများကို အမျိုးသားရေးတာဝန်တစ်ရပ် အဖြစ် ထိန်းသိမ်းကာကွယ်သွားကြရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ထိန်းသိမ်းဆောင်ရွက် နေစဉ်ကာလအတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးနှင့်ပတ်သက်၍ မြေပေါ်မြေအောက်သဘာဝ သယံဇာတများ ထုတ်ယူသုံးစွဲမှုများကိုလျှော့ချပြီး တိုင်းပြည်၏ အရန် သယံဇာတအဖြစ် ထိန်းသိမ်းနိုင်ရေး၊ ရာသီဥတု ဖောက်ပြန်မှု ပြန်လည်မျှတရေး၊ နိုင်ငံပိုင်သစ်တောများ စိမ်းလန်းစိုပြည်ရေး၊ ကျေးရွာပိုင်ထင်းစိုက်ခင်းများ တည်ထောင်ရေး၊ ပင်လယ်ကမ်းခြေဒေသများရှိ ဒီရေတောများ ပြန်လည်ထိန်းသိမ်းရေးတို့ကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်များတွင် ပြည်သူများ၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများအနေဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် ဖိတ်ခေါ်အပ်ပါကြောင်း၊ ကြိုးဝိုင်းနှင့်ကြိုးပြင် ကာကွယ်တောများ၊ သဘာဝနယ်မြေများမှ သစ်တောသစ်ပင်များကို ထိန်းသိမ်းသည်သာမကပဲ သစ်တောများ ပြင်ပမှ သစ်ပင်များ(Trees Outside Forest–ToF)နှင့် ဂေဟစနစ်များ၏ အရေးကြီးသည့် အခန်းကဏ္ဍကိုလည်း အထူးအလေးထား ထိန်းသိမ်းကြရမည် ဖြစ်ပါကြောင်း။

မိမိတို့ မြန်မာလူမျိုးများသည် သစ်တောသစ်ပင် ချစ်ခင်မြတ်နိုးကြပြီး သစ်တောထိန်းသိမ်းရေးကို ရှေးကတည်းကပင် အသိစိတ်ဓာတ်ရှိပြီးသားဖြစ်ကြောင်း၊ ယခု ကမ္ဘာကြီး၏ ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များအရ လူသားအားလုံး သဘာဝဘေးအန္တရာယ်များ တွေ့ကြုံခံစားနေရမှု လျော့ပါးသက်သာစေရေး၊ လိုက်လျောညီထွေ ရှိစေရေးအတွက် ဂေဟစနစ် ပြန်လည်ထိန်းသိမ်းရေး လုပ်ငန်းစဉ်များ အောင်မြင်အောင် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း “တောတောင်ပျက်ပြုန်း၊ မြေဆီသုဉ်း၏” “ဥတုရာသီ၊ တောကိုမှီ၏။” “ပူနွေးကမ္ဘာ၊ တားဆီးရာ၊ ဖြေရှာတစ်ခု၊ တောပြုစု” “သစ်တောတွေထိန်း၊ တောတွေစိမ်းမှ၊ ငြိမ်းချမ်းပြည်ရွာ၊ နိုင်ငံသာ၏” ဆိုသည့် သစ်တောသစ်ပင်များ၏ အကျိုးကျေးဇူးကို ဖော်ညွှန်းထားသည့် ဆောင်ပုဒ်များကို အမြဲအလေးထားပြီး သစ်တောသစ်ပင်များ၊ သစ်တောဂေဟစနစ်များ စဉ်ဆက်မပြတ်တည်တံ့ရေး အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်သွားကြရမည် ဖြစ်ပါကြောင်းပြောကြားသည်။

■ ■ ■

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၁၂/၂၀၂၁)တွင် ပြောကြားသည့် အမှာစကား

(၇ - ၆ - ၂၀၂၁)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၁၂/၂၀၂၁)ကို ဇွန်လ ၇ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက် အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုး၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ဦးရွှေကြိမ်း၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့် တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိတို့အနေဖြင့် နိုင်ငံတော်၏တာဝန်အရပ်ရပ်အား တာဝန်ယူဆောင်ရွက်မှုသည် ၄ လကျော်ကာလအထိ ရောက်ရှိလာပြီဖြစ်ပြီး တိုးတက်ပြောင်းလဲမှုများရှိသကဲ့သို့ စိန်ခေါ်မှုအချို့လည်း ရှိနေသေးကြောင်း၊ ပြီးခဲ့သည့် ရက်ပိုင်းအတွင်း မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်သို့ ရောက်ရှိခဲ့ပြီး ပြည်သူများအနေဖြင့် တည်ငြိမ်အေးချမ်းစွာဖြင့် သွားလာလှုပ်ရှားနေကြသည်ကို တွေ့ရှိရကြောင်း၊ ခရီးစဉ်အတွင်း သံလွင်တံတား(ချောင်းဆုံ)အား ဒေသခံများလိုလားသည့် တံတားစတင်ဆောက်လုပ်စဉ်ကအမည်

အတိုင်း ပြန်လည်သတ်မှတ် ဆောင်ရွက်ပေးခဲ့ချိန်တွင် ဒေသခံပြည်သူများအနေဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြသည်ကို တွေ့ရှိရကြောင်း၊ ထို့ပြင် ဒေသအတွင်း ဝမ်းစာဖူလုံရေးကိုသာမက သီးနှံများပိုမိုထွက်ရှိပြီး ဒေသခံတောင်သူများ ဝင်ငွေတိုးတက်စေရန် သီးနှံအလိုက် တစ်ဧကအထွက်နှုန်းတိုးတက်ရေး သိပ္ပံနည်းကျ စနစ်တကျ စိုက်ပျိုးဆောင်ရွက်နိုင်ရန်အတွက် ပြည်နယ်များမှ တာဝန်ရှိသူများက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း၊ နိုင်ငံသားများအနေဖြင့် ဘဝတိုးတက်ရေးအတွက် ရောင့်ရဲတင်းတိမ်မနေကြဘဲ မိမိတို့ကျင်လည်နေရသည့် အခြေအနေတွင် ဖြစ်သင့်ဖြစ်ထိုက်သည်များကို ရည်မှန်းချက်ထား၍ သမ္မာအာဇီဝနည်းဖြင့် ခေတ်နှင့်အညီ ဆောင်ရွက်နိုင်ပါက လူမှုဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

ပြင်ဆင်သတ်မှတ်နိုင်ရေး

နိုင်ငံတော်၏ဘဏ္ဍာရေးနှစ်ကို ယခင်အစိုးရက အောက်တိုဘာ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ ကာလသတ်မှတ်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သဖြင့် မိုး၊ ဆောင်း စိုက်ပျိုးသီးနှံထွက်ရှိမှုနှင့် ရရှိမည့်အခွန်အခများအပေါ်မူတည်၍ ယခင်ကဘဏ္ဍာရေးနှစ်အား သတ်မှတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော် ဘဏ္ဍာနှစ်အား ပြောင်းလဲသတ်မှတ်ခဲ့သည့်အတွက် နိုင်ငံတော်နှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ စိုက်ပျိုးရေးတောင်သူများအနေဖြင့် အဆင်မပြေမှုများများစွာ ဖြစ်ပေါ်ခဲ့ရကြောင်း၊ ထို့ကြောင့် ဘဏ္ဍာနှစ်သတ်မှတ်မှုနှင့် ပတ်သက်၍ မိမိတို့နိုင်ငံနှင့် လိုက်လျောညီထွေဖြစ်စေရန် ပြင်ဆင်သတ်မှတ်နိုင်ရေး စဉ်းစားချိန်ဆ၍ ဆောင်ရွက်သွားရန်နှင့် ကောင်စီဝင်များအနေဖြင့်လည်း ဆွေးနွေးအကြံပြုကြစေလိုကြောင်း။

COVID-19 ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ ယခုကာလအတွင်း ကူးစက်မှုနှုန်း ပြန်လည်မြင့်တက်လာသည်ကို တွေ့ရှိရကြောင်း၊ အများအားဖြင့် အိန္ဒိယနိုင်ငံနှင့် ထိစပ်လျက်ရှိသည့် ချင်းပြည်နယ်မြောက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအနောက်ပိုင်းနှင့် ထိုင်းနိုင်ငံနှင့် ထိစပ်လျက်ရှိသည့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ကူးစက်မှုများ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ်အချို့အား

> **သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ကူညီကယ်ဆယ်ရေးလုပ်ငန်းများအား အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဖွဲ့စည်းထားသည့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီများက ချက်ချင်းအရေးယူဆောင်ရွက်ရန်လို။**

Stay at home သတ်မှတ်ခဲ့ကြောင်း၊ ပြည်သူများအနေဖြင့် COVID-19 စည်းကမ်းချက်များကို လိုက်နာရန် လိုအပ်ကြောင်း၊ ကျောင်းများတွင် COVID-19 ရောဂါကူးစက်မှုမရှိစေရေး COVID-19 စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရေး အထူးအလေးထား ကြပ်မတ်ဆောင်ရွက်ရန် အရေးကြီးကြောင်း။

ပညာရေးနှင့်ပတ်သက်၍ အချို့ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်မှု မရှိသေးကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အများဆုံးဖြစ်ကြောင်း၊ ကျောင်းသားများ ပညာသင်ကြားရေးသည် တိုင်းပြည်နှင့် ကျောင်းသားတစ်ဦးချင်းစီ၏ အကျိုးအတွက် ရည်ရွယ်ပြီး ပြန်လည်ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ ပုဂ္ဂလိကကျောင်းများ ပြန်လည်ဖွင့်လှစ်သင်ကြားနိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယခုအခါဆူပူဆန္ဒပြမှုများနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အနည်းငယ်ရှိနေသည်ကို တွေ့ရကြောင်း၊ အကြမ်းဖက်မှုများ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ စာသင်ကျောင်းများ၊ အုပ်ချုပ်မှုဆိုင်ရာရုံးအဆောက်အအုံများနှင့် ပုဂ္ဂိုလ်ရေးအရ ရန်ငြိုးရှိသူများအား အကြမ်းဖက်ဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်း။

သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်နိုင်ရေး

ယခုအခါ မိုးရာသီသို့ရောက်ရှိလာပြီး ယခင်နှစ်များက မိုးနည်းခဲ့သည့် ဒေသများတွင် မိုးကောင်းစွာရွာသွန်းသဖြင့် စိုက်ပျိုးရေးတောင်သူများ အဆင်ပြေလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ အလားတူ မိုးတွင်းကာလဖြစ်သဖြင့် ရေကြီးရေလျှံခြင်းနှင့် လေပြင်းတိုက်မှုများကြောင့် ဖြစ်ပေါ်တတ်သည့် သဘာဝဘေးအန္တရာယ်များအား ကြိုတင်ကာကွယ်နိုင်ရေးအတွက် ချောင်း၊ မြောင်းများ ပိတ်ဆို့မှုမရှိစေရေး၊ အန္တရာယ်ရှိသည့် သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းရေးစသည်တို့ကို ဆောင်ရွက်ရန်အတွက် တာဝန်ရှိသူများအနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် သတိပေးနှိုးဆော်နေရန်လိုကြောင်း၊ ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခြင်းဖြင့် သဘာဝဘေးအန္တရာယ် ကျရောက်မှုကို တတ်နိုင်သမျှ လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်များကျရောက်လာပါက ကူညီကယ်ဆယ်ရေးလုပ်ငန်းများအား အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဖွဲ့စည်းထားသည့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီများက ချက်ချင်းအရေးယူဆောင်ရွက်ရန်လိုကြောင်း မှာကြားသည်။

ထို့နောက် ဇွန် ၄ ရက်တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့အား လက်ခံတွေ့ဆုံ၍ COVID–19 ရောဂါကာကွယ်ရေးဆိုင်ရာကိစ္စရပ်များ၊ မတရားအသင်းကြေညာထားသည့် CRPH၊ NUG တို့နှင့်ပတ်သက်သည့် အသင်းအဖွဲ့များနှင့် အကြမ်းဖက်အဖွဲ့များက မြန်မာနိုင်ငံအတွင်း လတ်တလောဖြစ်ပွားနေသည့် အကြမ်းဖက်ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်းများအပေါ် အာဆီယံ ဘုံသဘောတူညီချက်ပါ အကြမ်းဖက်မှုရှောင်ရှားရေးနှင့်ပတ်သက်၍ အာဆီယံနိုင်ငံများအပါအဝင် အခြားမည်သည့်နိုင်ငံကမျှ ထောက်ပြပြောဆိုခြင်း၊ ဟန့်တားသည့်ကြေညာချက်ထုတ်ပြန်ခြင်းများ မပြုလုပ်သည့် အခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းမှားယွင်းမှုများ ဖြစ်ပေါ်ခဲ့မှုနှင့် စစ်ဆေးတွေ့ရှိမှု အခြေအနေများ၊ နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းသွားချိန်တွင် ရွေးကောက်ပွဲပြန်လည်ကျင်းပပြုလုပ်သွားမည့် အခြေအနေများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးကိစ္စရပ်များတွင် မိမိတို့နိုင်ငံမှ ပူးပေါင်းဆောင်ရွက်ပေးမည့် အခြေအနေများနှင့် Phoenix Media နှင့် တွေ့ဆုံမေးမြန်းစဉ် ပြန်လည်ဖြေကြားခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆွေးနွေးတင်ပြ

ယင်းနောက် ကောင်စီဝင်များဖြစ်ကြသည့် ဦးသိန်းညွန့်၊ မန်းငြိမ်းမောင်၊ ဦးခင်မောင်ဆွေ၊ Jeng Phang နော်တောင်၊ ဒေါ်အေးနုစိန်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ ဦးရွှေကြိမ်းတို့က အခြေခံဥပဒေနှင့် ညီညွတ်မှုမရှိဘဲ လုပ်ပိုင်ခွင့်ကျော်လွန်ဆောင်ရွက်ခဲ့သည့် အဂတိလိုက်စားမှုများကို စိစစ်ဖော်ထုတ်အရေးယူရေး၊ အကြမ်းဖက်သမားများအား ခိုအောင်းနေထိုင်ခွင့်ပေးသူများနှင့် ၎င်းတို့အားထောက်ပံ့ကူညီနေသူများကို ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ထိထိရောက်ရောက် အရေးယူရေး၊ ပြည်သူများ၏ဘဝ လုံခြုံမှုရှိစေရန် ပြည်သူလူထု ပူးပေါင်း ပါဝင်သည့် လုံခြုံရေးစနစ် အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ တိုင်းပြည်၏ စားသုံးဆီဖူလုံမှုရှိစေရန် စီမံဆောင်ရွက်သွားရေး၊ ထီးခီးဒေသစက်မှုဇုန် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ လူမှုကွန်ရက်များတွင် မဟုတ်မမှန်သတင်းများ ထုတ်လွှင့်နေမှုအပေါ် လျင်မြန်ထိရောက်စွာတုံ့ပြန်ဆောင်ရွက်ရေး၊ မီဒီယာတုံ့ပြန်မှု လျင်မြန် အားကောင်းစေရန် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရေး၊ အများပြည်သူရုံးပိတ်ရက်များနှင့် ဘဏ္ဍာရေးနှစ် ပြုပြင်ပြောင်းလဲရေးဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက် ဖြည့်ဆည်းနိုင်ရန်နှင့် ပြည်ပဝင်ငွေရရှိရန် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနည်းပါးသည့် ရပ်ဆိုင်းနေသော ရေအားလျှပ်စစ်စီမံကိန်းများ ဆက်လက်အကောင်အထည်ဖော်ရေးအတွက် ပြန်လည်သုံးသပ်ရေး၊ စာရင်းကိုင်နှင့် ရှေ့နေဒီပလိုမာသင်တန်းများ ပြန်လည်ဖွင့်လှစ်ရေး၊ ဒေသတွင်းလူမှုကယ်ဆယ်ရေးလုပ်ငန်းများအတွက် ထောက်ပံ့ငွေများ အချိန်မီရရှိရေး၊ အားကစားသမားများ နိုင်ငံတော်အပေါ် သစ္စာစောင့်သိရေးနှင့် နိုင်ငံ့သားကောင်းတစ်ယောက်တွင် ရှိရမည့်ကျင့်ဝတ်များရှိစေရန် လေ့ကျင့်ပျိုးထောင်ပေးရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးက နှစ်အလိုက် ပြက္ခဒိန်နှစ်တွင် အများပြည်သူ ရုံးပိတ်ရက်များ သတ်မှတ်ခဲ့မှုအခြေအနေနှင့် ဘဏ္ဍာရေးနှစ် ပြောင်းလဲသတ်မှတ်ခြင်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကောင်စီဝင်များဖြစ်ကြသည့် ဦးသိန်းညွန့်၊ ဒေါက်တာ ဗညားအောင်မိုး၊ ဒေါ်အေးနုစိန်တို့က ဘဏ္ဍာရေးနှစ်ပြောင်းလဲ သတ်မှတ်ခြင်းနှင့်ပတ်သက်၍ ထည့်သွင်းစဉ်းစား ဆောင်ရွက်သင့်သည်များကို ဆွေးနွေးအကြံပြုတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက အများပြည်သူရုံးပိတ်ရက်များနှင့် ပတ်သက်ပြီး နိုင်ငံတော်အတွက် မျှော်မှန်းကာ အလုပ်ရှင်၊ အလုပ်သမား၊ ဝန်ထမ်းများ ထိခိုက်နစ်နာမှုမရှိအောင် ထည့်သွင်းစဉ်းစားဆောင်ရွက်သင့်ကြောင်း၊ ဘဏ္ဍာရေးနှစ်ကိုလည်း မိမိတို့နိုင်ငံ၏ ပကတိအခြေအနေနှင့် လိုက်လျောညီထွေသည့် အချိန်ကာလကိုသာ ပြောင်းလဲသတ်မှတ်သင့်ကြောင်း၊ ကောင်စီဝင်များအနေဖြင့် ဖြစ်သင့်သည်ကို ဝိုင်းဝန်းစဉ်းစား ဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

အဂတိလိုက်စားမှုများနှင့်ပတ်သက်ပြီး လုပ်ပိုင်ခွင့်ကျော်လွန် ဆောင်ရွက်ခဲ့သည့် အဂတိမှုများကို ပြန်လည်စိစစ်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့်ပတ်သက်ပြီး အကြမ်းဖက်မှုကိစ္စများကို ဥပဒေနှင့်အညီ ထိရောက်သည့်ပြစ်ဒဏ်များ ချမှတ်ရန် ဆောင်ရွက်နေကြောင်း၊ ဌာနဆိုင်ရာများတွင် လက်ရှိတာဝန်ထမ်းဆောင်နေသူများအား CDM လုပ်သူများက ခြိမ်းခြောက်နှောင့်ယှက်နေမှုကို စုံစမ်းစစ်ဆေးဖော်ထုတ်အရေးယူသွားမည်ဖြစ်ပြီး ခြိမ်းခြောက်ခံရသော ဝန်ထမ်းများအနေဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများထံ တိုင်ကြားကြရန်လိုကြောင်း။

ဆီကောင်းဆီသန့်များ စားသုံးနိုင်ရေး

စားသုံးဆီဖူလုံရေးနှင့်ပတ်သက်ပြီး ပြည်တွင်းစားသုံးမှုဖူလုံရေးနှင့် ဆီကောင်းဆီသန့်များ စားသုံးနိုင်ရေးအတွက် ဆီထွက်သီးနှံများ ဖြစ်သည့် ပဲ၊ နှမ်း၊ ပန်းနှမ်း၊ နေကြာ၊ ပဲပုပ်တို့ကို တိုးချဲ့စိုက်ပျိုးရန် လိုအပ်ကြောင်း၊ ဆီထွက်သီးနှံကုန်ကြမ်းများ ကြိတ်ခွဲရာတွင်လည်း အဆင့်မြင့်နည်းပညာအသုံးပြု ကြိတ်ခွဲနိုင်ရေး စီမံဆောင်ရွက်ပေးရန် လိုကြောင်း၊ စနစ်တကျ ဆီကြိတ်ထုတ်လုပ်ထားသော ပဲ၊ နှမ်း ကြိတ်ဖတ်များမှ တိရစ္ဆာန်အစာ စနစ်တကျသုံးစွဲနိုင်ရန် လိုအပ်ကြောင်း။

လျှပ်စစ်ကဏ္ဍနှင့်ပတ်သက်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ လျှပ်စစ်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် လောင်စာစနစ်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို အားမပေးလိုကြောင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုများကိုသာ အကောင်အထည်ဖော်ရန်လိုအပ်ပြီး ထိုသို့ထုတ်ယူရာတွင် သက်ဆိုင်သည့် ပြည်နယ်များကို ရာခိုင်နှုန်းပြည့်သုံးစွဲနိုင်ရေး ဦးစားပေးစီမံပေးရန်လိုကြောင်း၊ သတင်းအချက်အလက် စီးဆင်းမှုနှင့်ပတ်သက်၍ မီဒီယာတုံ့ပြန်မှု လျင်မြန်အားကောင်းစေရန်အတွက် ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

စက်မှုကုန်ကြမ်းအပင်များ စိုက်ပျိုးရေးနှင့်ပတ်သက်ပြီး အဝတ်အထည်နှင့် လူ့အသုံးအဆောင်ပစ္စည်းများစွာ ထုတ်လုပ်နိုင်သည့် ဝါနှင့် ဝါးစိုက်ပျိုးမှုကို တိုးချဲ့စိုက်ပျိုးပြီး တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ ပြည်တွင်းစက်မှုလုပ်ငန်းများကို အားပေးပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အသေးစားစက်မှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုကြောင်း။

နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ အပါအဝင် နိုင်ငံ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့သူအားလုံးကို ဘဝအာမခံချက်ရှိအောင် ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ အခြေခံပညာကျောင်းများ လုံခြုံရေးနှင့် ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လစ်ဟင်းမှုမရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် အရေးကြီးပါကြောင်းဖြင့် ပြန်လည်ဆွေးနွေးပြောကြားသည်။

■ ■ ■

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး (၉/၂၀၂၁)တွင် ပြောကြားသည့် အမှာစကား

(၁၇ – ၆ – ၂၀၂၁)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး(၉/၂၀၂၁)ကို ဇွန်လ ၁၇ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဦးကိုကိုလှိုင်၊ ဦးချစ်နိုင်၊ ဦးတင်ထွဋ်ဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဦးမြင့်ကြိုင်၊ ဒေါက်တာ ချာလီသန်း၊ ဒေါက်တာပွင့်ဆန်း၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးရွှေလေး၊ ဒေါက်တာ သက်သက်ခိုင်၊ ဦးမောင်မောင်အုန်း၊ ဦးစောထွန်းအောင်မြင့် နှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာဒေါ်သီတာဦး တို့ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အဖွင့်အမှာ စကားပြောကြားရာတွင် နိုင်ငံတိုင်းရှိ အစိုးရတိုင်းသည် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်ရန်တာဝန်ရှိကြောင်း၊ တည်ငြိမ်အေးချမ်းရေးအတွက် တရားဥပဒေစိုးမိုးရေးရှိ အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက် ရေးဆောင်ရွက်မှုနှင့်ပတ်သက်၍ နိုင်ငံသားများ၏ လူမှု စီးပွားဘဝမြင့်မားတိုးတက်အောင် ဆောင်ရွက်ခြင်းသည် အရေးအကြီးဆုံးပင်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် ကောင်စီ အစည်းအဝေးတွင် ဘဏ္ဍာနှစ်ပြောင်းလဲရေးအတွက် စီမံ ဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံသည် ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းလျက်ရှိပြီး နိုင်ငံ တော်၏ ငွေလုံးငွေရင်းအသုံးစရိတ်များတွင် ပုဂ္ဂလိက ကဏ္ဍများ ပါဝင်သကဲ့သို့ နိုင်ငံတော်အစိုးရ၏ ကဏ္ဍ သည်လည်း အထိုက်အလျောက် ပါဝင်လျက်ရှိသည်ကို ထည့်သွင်းစဉ်းစားရန်လိုကြောင်း၊ အလားတူ ပညာသင် နှစ်သည် ပုံမှန်အားဖြင့် ဇွန် ၁ ရက်တွင်စတင်ပြီး မတ်လ ကုန်အတွင်း ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ

လွတ်လပ်ရေးရရှိချိန်ကာလကတည်းက ကျောင်းသား ကျောင်းသူများ၏ နွေရာသီကျောင်းပိတ်ရက်၊ အဖြေလွှာ စစ်ဆေးချိန်နှင့် ဆရာ ဆရာမများ အနားယူရမည့်အချိန် များ တွက်ချက်ပြီးဆောင်ရွက်ထားခြင်းဖြစ်ကြောင်း၊ လွှတ်တော်ကျင်းပရာတွင်လည်း မတ်လဆန်းတွင် အစိုးရ ဖွဲ့ခြင်းများ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ သည် စိုက်ပျိုးရေးနိုင်ငံဖြစ်ပြီး မိုးရာသီတွင် သီးနှံများ အဓိကထားစိုက်ပျိုးကြကြောင်း၊ နိုင်ငံ၏အဓိကစီးပွားရေး သည် စိုက်ပျိုးရေးအပေါ်တွင် အခြေခံပြီး အဓိကသီးနှံ ဖြစ်သည့်စပါးမှာ မိုးရာသီကုန်တွင်သာ အများဆုံးထွက် ရှိသဖြင့် ပွင့်လင်းရာသီရောက်ရှိချိန်မှသာ စိုက်ပျိုးရေး ထုတ်ကုန်များ ရောင်းချနိုင်သောကြောင့် နိုင်ငံတော် ဘတ်ဂျက်များကို မှန်ကန်စွာတွက်ချက်နိုင်မည်ဖြစ် ကြောင်း၊ ယခင်အစိုးရလက်ထက်က ဘဏ္ဍာနှစ်ပြောင်းလဲ ခဲ့ချိန်၌ စီးပွားရေးဆိုင်ရာလုပ်ငန်းများတွင် အခက်အခဲ များစွာ ပေါ်ပေါက်ခဲ့ကြောင်း၊ ထို့ကြောင့် ဘဏ္ဍာနှစ်အား ရှေးယခင်ကအတိုင်း ဧပြီ ၁ ရက်နေ့မှ စတင်ရန် ပြန်လည် သတ်မှတ်ရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

များစွာထိခိုက်မှုရှိ

အစိုးရရုံးပိတ်ရက်များ သတ်မှတ်ခြင်းနှင့်ပတ်သက်၍ ပြည်သူများ၏ခံစားခွင့် အနားယူမှု၊ အစိုးရနှင့် ပုဂ္ဂလိက လုပ်ငန်းများ ဆောင်ရွက်မှုများကို ထည့်သွင်းစဉ်းစား ရန်လိုကြောင်း၊ မိမိတို့နိုင်ငံသည် အခြားနိုင်ငံများထက် အစိုးရရုံးပိတ်ရက်များ ပိုမိုများပြားခြင်းကြောင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများကို များစွာထိခိုက်မှုရှိကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းများ လည်ပတ်ရာ၌ ရုံးပိတ်ရက်များ တွင် လုပ်ခတိုးမြှင့်ပေးရမှုကြောင့် ဖြစ်ကြောင်း၊ ထို့ကြောင့် အစိုးရရုံးပိတ်ရက်များ ပြန်လည်ပြင်ဆင် သတ်မှတ်ရေးဆောင်ရွက်ရာတွင် အစားထိုးရုံးပိတ်ရက် များအား လျှော့ချရန်အတွက် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ မြန်မာတို့၏နှစ်သစ်ကူးမဟာသင်္ကြန် ကာလအတွင်း ပြည်သူများ အနားယူနိုင်ရေး ထည့်သွင်း သတ်မှတ်ပေးထားကြောင်း။

ကျေးလက်ဒေသများ
ဖွံ့ဖြိုးတိုးတက်စေရေးအတွက်
လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ
ထိထိရောက်ရောက်
ဆောင်ရွက်နိုင်ရေး
စီမံဆောင်ရွက်သွားမည်။

စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက် ရာ၌ စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ များ ဆောင်ရွက်မှုတွင် မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အဓိကထား ဆောင်ရွက်သည့် နိုင်ငံဖြစ်သော်လည်း စိုက်ပျိုးရေးကဏ္ဍသည် အခြား ကဏ္ဍများထက် လျော့နည်းနေသည်ကိုတွေ့ရှိရကြောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှ ကုန်ထုတ်လုပ်မှုများ တိုးတက်မှုနည်းပါးနေခြင်းကြောင့် ဖြစ်ကြောင်း၊ နိုင်ငံ၏ GDP တွင် လယ်ယာကဏ္ဍ ပါဝင် မှုသည် ၂၀ ရာခိုင်နှုန်းခန့်သာပါဝင်သဖြင့် လယ်ယာကဏ္ဍ အား မြှင့်တင်ပေးရန်လိုအပ်ပြီး မွေးမြူရေးလုပ်ငန်းများ မှ ထွက်ရှိသည့် အသား၊ ငါးများကိုလည်း ပြည်တွင်း၌ တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်၍ ပြည်ပသို့တင်ပို့ နိုင်သည်အထိ ဆောင်ရွက်ရန်လိုကြောင်း။

ပြည်ပနိုင်ငံများသို့ စိုက်ပျိုးရေးထုတ်ကုန်များ တင် ပို့နိုင်ပါက ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက် လာမည်ဖြစ်ကြောင်း၊ စက်မှုကဏ္ဍနှင့်ပတ်သက်၍ တိုးတက်မှုများရှိသော်လည်း ပြည်တွင်း စက်ရုံအလုပ်ရုံ များ လည်ပတ်ထုတ်လုပ်မှုများ အားနည်းလျက်ရှိနေ သေးကြောင်း၊ နိုင်ငံပိုင်စက်ရုံများသာမက ပုဂ္ဂလိကစက်ရုံ အချို့လည်း ပုံမှန်အတိုင်း ထုတ်လုပ်နိုင်မှုမရှိသည်ကို တွေ့ရှိရကြောင်း၊ စက်ရုံအလုပ်ရုံများ ပုံမှန်လည်ပတ်နိုင် ရေးအတွက် ပြည်တွင်းထုတ်ကုန်များကို အားပေးပြီး ပြည်ပမှတင်သွင်းမှုများကို လျှော့ချဆောင်ရွက်ရန်လို ကြောင်း၊ ပြည်တွင်း၌ ကုန်ထုတ်လုပ်မှုများ လျော့နည်း

လာခြင်းကြောင့် ပြည်တွင်းကုန်ထုတ်လုပ်မှု အားကောင်းလာစေရေး အားပေးရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှု ကုန်ကျစရိတ်များ သက်သာစေရေးအတွက် လျှပ်စစ်ဓာတ်အားခနှုန်းထားများလျော့နည်းအောင် ဆောင်ရွက်ပေးခြင်း၊ ထိုက်သင့်သည့် လုပ်သားခများဖြစ်စေရေး ဆောင်ရွက်ပေးခြင်းနှင့် သယ်ယူပို့ဆောင်ရေးအတွက် ရထားလမ်းနှင့် ကားလမ်းများ ကောင်းမွန်အောင် ဆောင်ရွက်ပြီး တတ်နိုင်သမျှ ကူညီဖြည့်ဆည်းပေးနိုင်ပါက ကုန်ဈေးနှုန်းများ ကျဆင်းလာမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတစ်ခုတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားရရှိရေးသည် အရေးကြီးသည့် လိုအပ်ချက်ဖြစ်သဖြင့်လျှပ်စစ်ဓာတ်အားရရှိစေရေးအတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များဖြစ်သည့် ရေအားလျှပ်စစ်နှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရန် မိမိမကြာခဏ ပြောကြားထားကြောင်း၊ မိမိတို့နိုင်ငံမှ ပြည်သူတချို့သည် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးမှုကြောင့် ပြည်ပနိုင်ငံများတွင် သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြကြောင်း၊ စက်ရုံအလုပ်ရုံများ လည်ပတ်ခြင်းဖြင့် ပြည်တွင်း၌ပင် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း၊ ကျေးလက်နေ ပြည်သူများ၏ ဘဝတိုးတက်စေရေး ကျေးလက်ကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်ရန်လိုကြောင်း။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးလိုအပ်ချက်ပင်ဖြစ်ကြောင်း၊ ပညာတတ်များ ပေါ်များစေရေး ပညာရေးမြှင့်တင်မှုလုပ်ငန်းများကို မလွဲမသွေဆောင်ရွက်ရမည်။

နို့စားနွားများမွေးမြူနိုင်ရေး

နိုင်ငံ၏ကျေးလက်စီးပွားရေးကို အထောက်အကူပြုနေသည့်လုပ်ငန်းများတွင် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များသည် အဓိကအရေးကြီးကြောင်း၊ မိမိတို့နိုင်ငံမှ ပြည်ပသို့ နွားများတင်ပို့လျက်ရှိသဖြင့် ပြည်တွင်းမှလယ်ယာကဏ္ဍစိုက်ပျိုးရေးအတွက် အသုံးဝင်သည့် ခိုင်းနွားများ လျော့နည်းမသွားရန်လိုသကဲ့သို့စက်မှုလယ်ယာကဏ္ဍကိုလည်း အားပေးဆောင်ရွက်ရန်လိုကြောင်း၊ ပြည်ပသို့ နွားများတင်ပို့ရာတွင် ထုတ်ကုန်အရည်အသွေး ပြည့်မီအောင် ဆောင်ရွက်ရန်လိုသကဲ့သို့ ဈေးနှုန်းများ ပြည့်ဝစွာရရှိရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ နိုင်ငံ၏ မွေးမြူရေး အဓိကထုတ်ကုန်များဖြစ်သည့် အမဲ၊ ဝက်၊ ကြက်နှင့် ရေထွက်ကုန်ပစ္စည်းများအား အဆင့်မြင့် မွေးမြူရေးထုတ်ကုန်များဖြစ်အောင် ဆောင်ရွက်ပြီး ပြည်ပသို့တင်ပို့နိုင်ရန်လိုကြောင်း၊ အလားတူ သဘာဝနွားနို့ ပြည်ပသို့ ပိုမိုတင်ပို့ရောင်းချနိုင်ရေးအတွက် ရှိပြီးဖြစ်သော မြေနေရာနှင့် စားကျက်မြေတို့ကို အကျိုးရှိစွာ အသုံးချ၍ နို့စားနွားများမွေးမြူနိုင်ရေး အားပေးဆောင်ရွက်ရန်လိုကြောင်း။

လမ်းပန်းဆက်သွယ်မှုအဆင်ပြေစေရေးနှင့်ပတ်သက်၍ ရထားလမ်းနှင့် ကားလမ်းများ အဆင်ပြေချောမွေ့ ကောင်းမွန်စွာသွားလာနိုင်ရန်လိုကြောင်း၊ ရထားပို့ဆောင်ရေးသည် ပို့ဆောင်ရေးစနစ်၌ အကောင်းဆုံး ပို့ဆောင်ရေးစနစ်တွင်ပါဝင်ကြောင်း၊ မိမိတို့နိုင်ငံရှိရထားလမ်းများ အဆင့်မြှင့်တင်ရန်အတွက် များစွာလိုအပ်နေသဖြင့် ရထားလမ်းများအား ဦးစားပေးဖြင့် ပြင်ဆင်နိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရထားလမ်းကောင်းမွန်ပါက နိုင်ငံ၏စီးပွားရေးအတွက် များစွာ အကျိုးရှိမည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လမ်းပန်းဆက်သွယ်ရေး လုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျေးလက်

စီးပွားရေးလုပ်ငန်းများနှင့် ပုဂ္ဂလိကသမဝါယမလုပ်ငန်းများ တိုးတက်စေရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းများကို တစ်ဖက်မှ မြှင့်တင်ပေးသွားမည်ဖြစ်ကြောင်း။

မလွဲမသွေဆောင်ရွက်ရမည်

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးလိုအပ်ချက်ပင်ဖြစ်ကြောင်း၊ ပညာတတ်များ ပေါများစေရေး ပညာရေးမြှင့်တင်မှုလုပ်ငန်းများကို မလွဲမသွေဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုအခါကျောင်းများ ပြန်လည်ဖွင့်လှစ်လျက်ရှိပြီး CDM ဝန်ထမ်းများနှင့် ဆန့်ကျင်ဘက်အဖွဲ့အစည်းများ၏ နှောင့်ယှက်မှုများကြောင့် ဆရာဆရာမများအနေဖြင့်လည်း အခက်အခဲ များကြားမှ တက်ရောက်သင်ကြားပေးလျက်ရှိကြောင်း၊ ကျန်ရှိသည့် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံ၏ အနာဂတ်ကို ပုံဖော်ပေးနိုင်မည့် ကျောင်းသား ကျောင်းသူများ လူတစ်လုံး သူတစ်လုံးဖြင့် ပညာတတ်မြောက်ရေးအတွက် စာပေပညာများ သင်ကြားပေးလျက်ရှိသည့် ဆရာ ဆရာမများကိုလည်း ကျေးဇူးတင်ဂုဏ်ပြုပါကြောင်း၊ ပညာရည်မြင့်မားရေးအတွက် မိမိတို့အနေဖြင့် နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ တက္ကသိုလ်များ၊ ကောလိပ်များနှင့် အခြေခံပညာကျောင်းများတွင် စာပေသင်ကြားရာ၌ ကျောင်းသားနှင့်ဆရာ အချိုးမျှတအောင် ဆောင်ရွက်ရန်လိုကြောင်း၊ လိုအပ်သည့် ဆရာဆရာမများ ခန့်အပ်နိုင်ရေးအတွက်လည်း စီမံဆောင်ရွက်လျက်ရှိကြောင်း၊ စာသင်ကျောင်းများအတွက်လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကိုလည်း ကြိုးပမ်းဆောင် ရွက်ပေးလျက်ရှိကြောင်း၊ ဆရာဆရာမများအတွက် ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ပညာရေးကဏ္ဍ အဆင့်မြှင့်တင်ရေးအတွက် ထိထိရောက်ရောက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြဆွေးနွေး၍ အတည်ပြုချက် ရယူကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ယခုအချိန်တွင် ဆောင်ရွက်ရမည့်ကိစ္စသည် လိုင်စင်မဲ့မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ တရားမဝင် ဝင်ရောက်မှုများကို ထိထိရောက်ရောက် ဟန့်တားရန်လိုကြောင်း၊ ပြီးခဲ့သည့်လအနည်းအငယ်က တရားမဝင်မော်တော်ယာဉ်များနှင့် ဆိုင်ကယ်များစွာ ဖမ်းဆီးရမိခဲ့ကြောင်း၊ အဆိုပါ လိုင်စင်မဲ့ယာဉ်များကြောင့် လုံခြုံရေးကျိုးပေါက်ခဲ့သည့်ဖြစ်စဉ်များ မကြာခဏဖြစ်ပေါ်ခဲ့သည်ကိုတွေ့ရကြောင်း၊ အဆိုပါ ဖြစ်စဉ်များနှင့် စပ်လျဉ်း၍ CCTV မှတ်တမ်းများတွင် နံပါတ်မပါသည့် မော်တော်ဆိုင်ကယ်များဖြစ်ပြီး နံပါတ်ပါရှိသည့် မော်တော်ဆိုင်ကယ်အချို့သည်လည်း နံပါတ်အတုများ ဖြစ်နေသည်ကိုတွေ့ရကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း၌ မော်တော်ဆိုင်ကယ် စီးနင်းခွင့်မပြုဘဲ စည်ပင်သာယာရေး နယ်နိမိတ်ပြင်ပတွင်သာ စီးနင်းခွင့်ပြုထားကြောင်း။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးအပိုင်းနှင့်စပ်လျဉ်း၍ မော်တော်ယာဉ်လိုင်စင်နှင့် မော်တော်ဆိုင်ကယ်လိုင်စင် အတုများ ပြုလုပ်စီးနင်းနေသည်ကို တွေ့ရကြောင်း၊ ပြည်ပနိုင်ငံအချို့မှ မော်တော်ယာဉ်နံပါတ်ပြားများတွင် မော်တော်ယာဉ်အမျိုးအစား၊ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်မြို့နယ်အလိုက် အက္ခရာများ သတ်မှတ်ထားသည်ကို တွေ့ရကြောင်း၊ သို့ဖြစ်၍ မိမိတို့နိုင်ငံတွင်လည်း ထိုသို့ဆောင်ရွက်ရန် စီစဉ်ခဲ့ကြောင်း၊ ထိုသို့စီစဉ်ဆောင်ရွက်ခြင်းဖြင့် တရားမဝင်လိုင်စင်မဲ့မော်တော်ယာဉ်များ ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း၊ မော်တော်ယာဉ်လိုင်စင်အသစ် လျှောက်ထားခြင်းနှင့် လိုင်စင်သက်တမ်းတိုးခြင်းများ ဆောင်ရွက်ပါက နံပါတ်ပြားအသစ် ပြောင်းလဲရမည်ဖြစ်ကြောင်း၊ လိုင်စင်မဲ့မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ တရားမဝင် ဝင်ရောက်နေမှုကြောင့် တိုင်းပြည်အတွက် အခွန်ငွေများစွာနစ်နာပြီး တရားဥပဒေစိုးမိုးရေးကို ထိခိုက်လျက်ရှိကြောင်း၊ ထို့ကြောင့် တရားမဝင်တင်သွင်းမှုနှင့် တင်ပို့မှုများကို ထိထိရောက်ရောက် ဟန့်တားသွားရမည်ဖြစ်ကြောင်း။

ရသင့်ရထိုက်သည့် အခွန်အခများရရှိအောင်

တရားမဝင်လမ်းကြောင်းများမှ အခွန်ရှောင်ပြီး ပစ္စည်းများ တရားမဝင် တင်သွင်းနေမှုများကြောင့်

အိမ်နီးချင်း နယ်စပ်ကုန်သွယ်ရေးစခန်းများမှရရှိသည့် အခွန်နှုန်းထားသည် များစွာလျော့နည်းနေသည်ကို တွေ့ရှိရကြောင်း၊ တရားမဝင် တင်သွင်းမှုများကို အုပ်ချုပ်ရေးပိုင်းက ထိထိရောက်ရောက် တားဆီးသွားရန် လိုအပ်ပြီး ရသင့်ရထိုက်သည့် အခွန်အခများကိုရရှိအောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လျှပ်စစ်မီတာခများနှင့် စပ်လျဉ်း၍ ငွေကျပ်ဘီလီယံများစွာရရှိရန် ကျန်ရှိနေသည့်အတွက် အပြည့်အဝရရှိရေး ကောက်ခံသွားရမည်ဖြစ်ကြောင်း၊ အစိုးရသည် ရရှိသည့်အခွန်အခများပေါ်တွင် ရပ်တည်ပြီး ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို စီမံဆောင်ရွက်ရကြောင်း၊ သို့ဖြစ်၍ အခွန်အခများ အပြည့်အဝရရှိရေး ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

စားသောက်ကုန်နှင့်ပတ်သက်၍ တပ်မတော်အနေဖြင့် တစ်သျှူးနည်းဖြင့် ဖီးကြမ်းနှင့် သီးမွှေးငှက်ပျောများ ထုတ်လုပ်လျက်ရှိကြောင်း၊ ငှက်ပျောသီးသည် ကျန်းမာရေးအတွက် အထောက်အကူဖြစ်ပြီး အာဟာရပြည့်ဝစွာရရှိကြောင်း၊ သို့ဖြစ်၍ ဝန်ကြီးဌာနများအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများတွင် စိုက်ပျိုးလိုပါက ပျိုးပင်များကို သင့်လျော်သည့် နှုန်းထားဖြင့် ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ပါက တိုင်းပြည်အတွက် အကျိုးများစွာရရှိမည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် ပြည်သူလူထု၏ စားရေရိက္ခာဖူလုံရေးနှင့် ဈေးနှုန်းသက်သက်သာသာဖြင့် ဝယ်ယူစားသုံးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ မိမိအနေဖြင့် သက်ဆိုင်ရာဌာနများအား မြစ်၊ ချောင်းများ၌ ငါးမျိုးများ စိုက်ထည့်ပေးရန် လမ်းညွှန်ထားကြောင်း။

နိုင်ငံအတွက် အကျိုးရှိမည့်

နိုင်ငံတကာမှ ပေးအပ်ခဲ့သော အကူအညီများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် နိုင်ငံအတွက် အကျိုးရှိမည့် လုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် သက်ဆိုင်ရာ နိုင်ငံများမှ တာဝန်ရှိသူများနှင့် ကဏ္ဍအလိုက် ထိတွေ့ဆက်ဆံပြီး ဆက်လက် အကောင်အထည်ဖော်သွားရန် လိုအပ်ကြောင်း။

အခွန်ကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံတော်အတွက် အခွန်အခရရှိပြီး ပုဂ္ဂလိကကဏ္ဍများ ငွေကြေးလည်ပတ်နိုင်ရန်အတွက် ထိုက်သင့်သည့် အခွန်နှုန်းထားများလျှော့ချနိုင်ရေး သက်ဆိုင်ရာဌာနများနှင့် ဆွေးနွေးညှိနှိုင်းပြီး လျှော့ချပေးသွားမည်ဖြစ်ကြောင်း၊ နောင်လာမည့် အောက်တိုဘာ ၁ ရက်မှ မတ် ၃၁ ရက်အထိ ဆောင်ရွက်ရမည့် ဘဏ္ဍာရေးကာလတွင် အခွန်နှုန်းထားကို ထပ်မံစဉ်းစား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အခွန်နှုန်းထားများ ကောက်ခံရာတွင် နိုင်ငံတကာ စံနှုန်းများနှင့် အခြား အကျိုးဆက်များကိုလည်း ထည့်သွင်းစဉ်းစား ဆောင်ရွက်ရကြောင်း၊ သို့သော်လည်း ပြည်တွင်းလုပ်ငန်းရှင်များ၊ ပြည်သူများနှင့် နိုင်ငံတော်အစိုးရတို့ အဆင်ပြေမည့် နည်းလမ်းများကို စဉ်းစားဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

■ ■ ■

(၉)ကြိမ်မြောက် မော်စကိုနိုင်ငံတကာလုံခြုံရေးညီလာခံ (9th Moscow Conference on International Security) ၌ "The Asia-Pacific Region in the Context of Global Politics" ခေါင်းစဉ်ဖြင့် ဆွေးနွေးမှု (ကောက်နုတ်ချက်)

(၂၃ – ၆ – ၂၀၂၁)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပသည့် (၉)ကြိမ်မြောက် မော်စကိုနိုင်ငံတကာလုံခြုံရေးညီလာခံ (9th Moscow Conference on International Security) ၌ "The Asia–Pacific Region in the Context of Global Politics" ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ပါသည်။ အဆိုပါဆွေးနွေးမှုကောက်နုတ်ချက်မှာ –

- (၉)ကြိမ်မြောက် မော်စကိုနိုင်ငံတကာလုံခြုံရေးညီလာခံသို့ တက်ရောက်လာကြသူများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်။
- အာရှ–ပစိဖိတ်ဒေသဟာ ပထဝီနိုင်ငံရေးအနေအထားအရ ကမ္ဘာပေါ်တွင် လွန်စွာအရေးပါသော ဒေသတစ်ခုဖြစ်၊ အာရှ–ပစိဖိတ်ဒေသဟာ ကမ္ဘာ့စီးပွားရေးဈေးကွက်၏ သုံးပုံတစ်ပုံခန့်ကိုလည်းပိုင်ဆိုင်ထားပြီး အရေးပါတဲ့ အဓိကပင်လယ်ရေလမ်းကြောင်းများ တည်ရှိရာဒေသတစ်ခုလည်းဖြစ်။

- အိန္ဒိယသမုဒ္ဒရာအတွင်း၌ နှစ်စဉ်ရေယာဉ်အစီးပေါင်း ၁၀၀၀၀၀ ကျော် ဖြတ်သန်းသွားလာလျက်ရှိပြီး မလက္ကာရေလက်ကြားတွင် နှစ်စဉ်ရေယာဉ်ပေါင်း ၇၀၀၀၀ ကျော် ဖြတ်သန်းသွားလာလျက်ရှိကာ နှစ်စဉ်အမေရိကန်ဒေါ်လာ ၁ ထရီလီယံတန်ဖိုး ကုန်စည်စီးဆင်းမှုရှိနေသောကြောင့် ပို့ဆောင်ဆက်သွယ်ရေးတွင် များစွာအရေးပါလျက်ရှိကြောင်း တွေ့ရှိရ။
- ကမ္ဘာ့ရေနံထွက်ကုန် ၈၀ ရာခိုင်နှုန်းခန့်မှာ အိန္ဒိယသမုဒ္ဒရာမှတစ်ဆင့် သယ်ယူပို့ဆောင်လျက်ရှိပြီး ကမ္ဘာ့ကုန်သွယ်မှု၏ ၄၀ ရာခိုင်နှုန်းခန့်သည်လည်း မလက္ကာရေလက်ကြားကို ဖြတ်သန်းသွားလာလျက်ရှိ။
- သို့ဖြစ်၍ အာရှ-ပစိဖိတ်ဒေသဟာ ပထဝီနိုင်ငံရေးနှင့် ပထဝီစီးပွားရေးအရ များစွာအရေးပါလာပြီး ကမ္ဘာ့စီးပွားရေးဗဟိုချက်(World's Economic Centre of Gravity)တစ်ခုဖြစ်လာသည့်အပြင် ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းသစ် (New World Political Order)တွင်လည်း မဟာဗျူဟာမြောက်အရေးပါတဲ့ ဒေသတစ်ခုအဖြစ် သတ်မှတ်လာကြ။
- အာရှ-ပစိဖိတ်ဒေသဟာ ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် အခွင့်အလမ်းများအတွက် အဓိကအချက်အချာဒေသတစ်ခုဖြစ်သော်လည်း မဟာဗျူဟာမြောက်ပြိုင်ဆိုင်မှုများကြောင့် ဒေသတွင်းနိုင်ငံရေးနှင့် လုံခြုံရေးကိုများစွာသက်ရောက်မှုရှိလာကြောင်း တွေ့ရှိရ။
- အာရှ-ပစိဖိတ်ဒေသအတွင်း မဟာဗျူဟာမြောက်ဖြစ်ပေါ်ပြောင်းလဲလာသည့် လုံခြုံရေးဆိုင်ရာ အခြေအနေများဟာလည်း ဒေသတွင်းနိုင်ငံများ၏ နိုင်ငံရေးအခြေအနေများနှင့် များစွာဆက်စပ်မှုရှိနေတာကို တွေ့ရှိရ။
- COVID-19 ကပ်ရောဂါကြောင့် စီးပွားရေးနှင့်လူသားကျန်းမာရေး (Human Health) အပေါ်သက်ရောက်မှု၊ ဆိုက်ဘာနယ်ပယ်နှင့် အဆင့်မြင့်နည်းပညာဖွံ့ဖြိုးတိုးတက်မှုအန္တရာယ်များဟာလည်း နိုင်ငံတိုင်းရင်ဆိုင်ကြုံတွေ့နေရတဲ့ကိစ္စရပ်များပဲဖြစ်။
- ဒေသတွင်းအုပ်စုဖွဲ့မှုများနှင့် အဆိုပါအုပ်စုများအကြား ပြိုင်ဆိုင်မှုမြင့်တက်လာခြင်းဟာ သမားရိုးကျနှင့်သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာခြိမ်းခြောက်မှုများအဖြစ် ဖြစ်ပေါ်လျက်ရှိသည့်အပြင် အဆိုပါကိစ္စရပ်များမှာ အာရှ-ပစိဖိတ်ဒေသရဲ့ဖွံ့ဖြိုးတိုးတက်မှုများအတွက် စိန်ခေါ်မှုများအဖြစ်လည်း ဖြစ်ပေါ်လျက်ရှိ။
- ကမ္ဘာ့အင်အားကြီးနိုင်ငံများအကြား မဟာဗျူဟာမြောက် အားပြိုင်မှုများတွင် စီးပွားရေးအရ ပေါင်းစည်းမှုရှိရေး ကြိုးပမ်းအားထုတ်မှုဟာလည်း အာရှ-ပစိဖိတ်ဒေသ၏ ကောင်းမွန်သည့် အနာဂတ်ကိုပုံဖော်ပေးမည့်အချက်တစ်ချက်ဖြစ်။
- အာရှ-ပစိဖိတ်ဒေသအတွင်း စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ခြင်းအားဖြင့် နိုင်ငံများအကြားမတူကွဲပြားမှုများကို လျှော့ချပေးနိုင်မှာဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာဖြစ်စဉ် (Globalization Process)အား ပြန်လည်ပုံဖော်နိုင်မှာဖြစ်တဲ့အပြင် ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် (UN Sustainable Development Goal)အတွက်လည်း များစွာအထောက်အကူရရှိနိုင်မှာဖြစ်။
- လက်ရှိကာလ၌ အာဆီယံဒေသကြီးအပါအဝင် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအများအပြားဟာ နိုင်ငံ့စီးပွားရေးများကျဆင်း၍ အကျပ်အတည်းများနဲ့ရင်ဆိုင်နေကြရလျက်ရှိ။
- သက်ဆိုင်ရာနိုင်ငံများအလိုက် ပြည်သူလူထုအနေဖြင့် စားဝတ်နေရေးအခက်အခဲများနဲ့ ရင်ဆိုင်ကြုံတွေ့နေကြရတဲ့အတွက် ပြည်သူများရဲ့ စားဝတ်နေရေးအဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သလို ကူညီထောက်ပံ့မှုများကို ဦးစားပေးဆောင်ရွက်ပေးသင့်တဲ့ အချိန်အခါလည်းဖြစ်။
- ပြည်သူများ စားနပ်ရိက္ခာဖူလုံမှုရှိစေရန်နဲ့ ဝဝလင်လင်စားသုံးနိုင်ကြစေရန်အတွက် စိုက်ပျိုးရေးကဏ္ဍတွင် အများပြည်သူတို့ အဓိကစားသုံးသည့်ဆန်နှင့်ဂျုံများ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေး ဦးစားပေးဆောင်ရွက်သင့်

သည့်အပြင် လူသားများရဲ့အခြားသောဖြည့်စွက်စာများကိုလည်း တစ်ဖက်တစ်လမ်းမှ တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရန် ကြိုးစားဆောင်ရွက်သင့်။

- စွမ်းအင်အရင်းအမြစ်များကိုသုံးစွဲရာတွင် ပြည့်ဖြိုးမြဲစွမ်းအင်များဖြစ်သည့် ရေအားလျှပ်စစ်၊ လေအားလျှပ်စစ်နဲ့ နေရောင်ခြည်စွမ်းအင်များကိုလည်း အစားထိုးမှုဝေသုံးစွဲနိုင်ရန် လိုအပ်လျက်ရှိနေ။
- ဒေသတွင်းအုပ်စုဖွဲ့လာမှုများ၊ စစ်ရေးချဲ့ထွင်မှုများ၊ အင်အားကြီးနိုင်ငံများ၏မဟာဗျူဟာနှင့် စီးပွားရေးဆိုင်ရာပြိုင်ဆိုင်မှုများအပြင် အမျိုးသားအကျိုးစီးပွား အပြိုင်အဆိုင်ဖော်ဆောင်မှုများ၊ လက်နက်အပြိုင်တပ်ဆင်မှုများသည် အာရှ-ပစိဖိတ်ဒေသအတွင်း ပဋိပက္ခများကြီးထွားလာမည့်အခြေအနေများကို တွေ့မြင်နေရ။
- **လွတ်လပ်တဲ့နိုင်ငံတိုင်းဟာ အချုပ်အခြာအာဏာကိုယ်စီရှိကြပါတယ်။ နိုင်ငံငယ်တာ၊ ကြီးတာ၊ အင်အားကြီးတာ၊ အင်အားနည်းတာနဲ့မဆိုင်ပါဘူး။ တူညီတဲ့အခွင့်အရေးရှိကြ။**
- ကမ္ဘာပေါ်ရှိ နိုင်ငံအားလုံးအနေဖြင့် မိမိတို့နိုင်ငံရဲ့အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် လိုအပ်သလိုကြိုးပမ်းဆောင်ရွက်နိုင်တဲ့ အခွင့်အရေးများ ရရှိပိုင်ဆိုင်ထားကြသော်လည်း အဆိုပါအခွင့်အရေးများကို တလွဲယူဆပြီး အင်အားပြခြိမ်းခြောက်မှုများနဲ့အခြားနိုင်ငံများရဲ့ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ထိပါးသည့် အပြုအမူများကိုရှောင်ရှားသင့်။
- နိုင်ငံများအနေဖြင့် တစ်နိုင်ငံနဲ့တစ်နိုင်ငံ၊ တစ်ဒေသနဲ့တစ်ဒေသ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်။
- တရုတ်နိုင်ငံအနေဖြင့် ရပ်ဝန်းနှင့်လမ်းကြောင်းစီမံကိန်းကို ဖော်ဆောင်ကာ အာရှ-ပစိဖိတ်ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ဆောင်ရွက်လျက်ရှိ။
- အာဆီယံဒေသဟာ အိန္ဒိယသမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာ ၂ ခုကို ပေါင်းကူးပေးသည့်နေရာတွင်ရှိပြီး အင်ဒိုပစိဖိတ်ဒေသ၏ ဗဟိုချက်အဖြစ် တည်ရှိလျက်ရှိ။
- ဒေသတွင်းနိုင်ငံများအနေဖြင့် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ လုံခြုံရေးနှင့် သာယာဝပြောရေးတို့ကို အခြေခံရန်လိုအပ်။
- ထို့အပြင် နိုင်ငံများအနေဖြင့် အချုပ်အခြာအာဏာကို အပြန်အလှန်လေးစားမှု၊ နားလည်ယုံကြည်မှုနှင့် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကိစ္စများတွင် ဝင်ရောက်မစွက်ဖက်ရေးတို့အား လေးစားလိုက်နာဆောင်ရွက်သွားရန်လိုအပ်။
- အာရှ-ပစိဖိတ်ဒေသတည်ငြိမ်အေးချမ်းရေး၊ ညီမျှမှုရှိရေး၊ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းအားထုတ်မှုများအားဆောင်ရွက်ရာတွင် ပဋိပက္ခသို့မဟုတ်၊ ထိပ်တိုက်ရင်ဆိုင်မှုများ ဖြစ်ပေါ်နိုင်သည့်အခြေအနေများကို ရှောင်ရှား၍ ယုံကြည်မှုတည်ဆောက်ရေးဆိုင်ရာလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်ခြင်း၊ COVID-19 ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ကာကွယ်ဆေးထိုးပေးခြင်းကိစ္စရပ်များအပါအဝင် စစ်ရေးမဟုတ်သော ပူးပေါင်းဆောင်ရွက်မှုများကို အခိုင်အမာမြှင့်တင်ဆောင်ရွက်သွားရမှာဖြစ်။
- နိုင်ငံအချို့အနေဖြင့် တစ်ဖက်သတ်ဝါဒစွဲဖြင့် မတူညီသောနိုင်ငံရေးစနစ်နှင့်အတွေးအခေါ်များအပေါ် လွှမ်းမိုးရန်နည်းလမ်းမျိုးစုံဖြင့် အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိ။
- ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကိုအကြောင်းပြပြီး အချုပ်အခြာအာဏာပိုင်နိုင်ငံများ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက် ခြယ်လှယ်လိုမှုများကိုလည်း တွင်ကျယ်စွာ တွေ့ရှိရမှာဖြစ်။
- နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် တရားမျှတခြင်း၊ တန်းတူတန်ဖိုးထားခြင်းနှင့် ညီညွတ်မျှတသော နိုင်ငံတကာဥပဒေများကို အခြေခံ၍ကမ္ဘာကြီး၏ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတူတကွပူးပေါင်းဆောင်ရွက်ရန်လိုအပ်။

- လက်ရှိကာလမှာ မိမိတို့မြန်မာနိုင်ငံအနေဖြင့် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှုရရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိ။
- လက်ရှိ မိမိတို့အစိုးရအနေဖြင့် ဒီမိုကရေစီစနစ်အပေါ် ရိုးသားမှုများပြန်လည်ဖြစ်ပေါ်စေရန် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းသာဖြစ်။
- မိမိတို့မြန်မာနိုင်ငံဟာ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့်အားလျော်စွာ အာဆီယံ၏သဘောထားရပ်တည်ချက်များအတိုင်း ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အပြည့်အဝပါဝင်ဆောင်ရွက်လျက်ရှိ။

■ ■ ■

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ISBN 978-99986-958-2-5
9 789998 695825 >